# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ အင်္ဂါနေ့ (14-5-2013) (၇၄၇၀)


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား မုန်တိုင်းလွတ်ကင်းရာဒေသများသို့ ရွှေ့ပြောင်းနိုင်ရေးဆောင်ရွက်ပေး

နေပြည်တော် မေ ၁၃

မေ ၁၁ ရက် နံနက်ပိုင်းက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းသတင်းထုတ်ပြန်ချက်များသိရှိပြီးနောက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် သဘာဝဘေးကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။



ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား မုန်တိုင်းလွတ်ကင်းရာဒေသများသို့ ရွှေ့ပြောင်းနိုင်ရေးဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်ရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး စီမံချက်ပါအတိုင်း ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များချပြခြင်း၊ ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား အန္တရာယ်လွတ်ကင်းရာသို့ ရွှေ့ပြောင်းပို့ဆောင်ရေး၊ ဆက်သွယ်မှု မပြတ်တောက်စေရေး၊ လုံခြုံရေးနှင့် ရိက္ခာများ ထောက်ပံ့နိုင်ရေး စသည်တို့ကို စီမံဆောင်ရွက်ခဲ့ကြသည်။

စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးအဖွဲ့သည် ညနေ ၄ နာရီတွင် စစ်တွေမြို့အတွင်း မုန်တိုင်းသတိပေးချက်ကို လှည့်လည်ကြေညာပြီး အချက်ပြအလံများ စိုက်ထူခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့သည် မေ ၁၂ ရက်တွင် စစ်တွေမြို့နယ်ရှိ သက်ဆိုင်ရာ ဒုက္ခသည်စခန်းနယ်မြေများ၌ ဆောင်ရွက်နိုင်မည့် အခြေအနေအား မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဒုက္ခသည်များအား ရွှေ့ပြောင်းရေး အခြေအနေများကို လှည့်လည်ကြည့်ရှု စီမံဆောင်ရွက်ကြသည်။

ထိုသို့စီမံဆောင်ရွက်ရာတွင် စစ်တွေမြို့ ဘောဒူဖဒုက္ခသည်စခန်းရှိ ရွက်ဖျင်တဲအလုံး ၈၀ မှ အိမ်ထောင်စု ၈၀ လူဦးရေ ၆၄၁ ဦးအား တည်ဆောက်ပြီးစီးပြီဖြစ်သော ၈ ခန်းတွဲတန်းလျား ၁၀လုံးသို့လည်းကောင်း၊ ခေါင်းဒုက္ကာ ဒုက္ခသည်စခန်းရှိ ရွက်ဖျင်တဲ ၁၇၆ လုံးမှ အိမ်ထောင်စု ၁၇၆စု လူဦးရေ ၉၈၇ ဦးအား တည်ဆောက်ပြီးစီးသော ၈ ခန်းတွဲတန်းလျား ၂၂လုံးသို့လည်းကောင်း စုစုပေါင်းအိမ်ထောင်စု ၂၅၆ စု လူဦးရေ ၁၆၂၈ဦး အား တန်းလျား ၃၂လုံးတွင် နေရာချထားရေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

**ယနေ့ မိုးလေဝသ**

**၁၄ - ၅ - ၂၀၁၃**

**နေပြည်တော်နှင့် မန္တလေး**
**နေရာကွက်ကျား မိုးထစ်ချုန်း**
**ရွာနိုင်သည်။**
**ရွာရန် ရာနှုန်း ၆၀**

**ရန်ကုန်**
**မိုးတစ်ကြိမ် နှစ်ကြိမ်**
**ထစ်ချုန်းရွာမည်။**
**ရွာရန် ရာနှုန်း ၈၀**

## မဟာစင်မုန်တိုင်းသတင်းအကြောင်း အသိပေးနှိုးဆော်

ရန်ကုန် မေ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် ဝန်ထမ်းများက ခရီးသွားပြည်သူများအား မဟာစင်မုန်တိုင်းအန္တရာယ်အသိပေးနှိုးဆော်ဆောင်ရွက်ခြင်းကို မေ ၁၂ ရက် နံနက် ၁၀နာရီခန့်က ဆိပ်ကမ်းမြို့နယ် လမ်းသစ်ဗောတံတားလက်မှတ်ရုံအတွင်းတွင်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် သဲကွင်းသမ္ဗန်ဆိပ်တွင်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း-ဒလ လက်မှတ်ရုံအတွင်းတွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ယခုရက်ပိုင်းတွင် မဟာစင်မုန်တိုင်းနှင့် ပတ်သက်၍ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်နှင့် ရှောင်ရန်၊ ဆောင်ရန်များကို ပြည်သူများသို့ အသိပေးရှင်းလင်းခြင်း၊ အသိပေးကြေညာချက်များအား မြန်မာ့ရုပ်မြင်သံကြားမှ အချိန်မရွေးထုတ်လွှင့်ကြေညာချက်များအား စဉ်ဆက်မပြတ်ကြည့်ရှုကြပါရန်နှင့် မသိရှိသူများကိုလည်း ထပ်ဆင့်ရှင်းလင်းဆောင်ရွက်ပေးကြပါရန် လိုက်လံအသိပေးဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ **အောင်မြင့်(ပြန်/ဆက်)**






ကြေးမုံစာတည်းရှထောင့် — ၁၄-၅-၂၀၁၃၊ အင်္ဂါနေ့

# စီးပွားရေးဒုတိယမဏ္ဍိုင်

ယနေ့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်နေသည်ကို မြင်တွေ့ရပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ကျင့်သုံးနေသော စီးပွားရေးစနစ်ကို သဲသဲကွဲကွဲ မသိရှိကြသေးသည့်သူလည်း ရှိမည်။ နိုင်ငံတော်၏ စီးပွားရေးအခန်းကဏ္ဍသည် ပထမဖြစ်ရမည်ဟု ထင်မြင်ကောင်း ထင်မြင်သူအချို့လည်း ရှိကြပေလိမ့်မည်။

အဘယ်ကြောင့်ဟူမူ ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီစီးပွားရေးစနစ်ကို ဖော်ဆောင်လျက်ရှိသည်မှာ နှစ်နှစ်ကျော်မျှသာ ရှိသေးသောကြောင့် ဖြစ်သည်။ အမှန်တွင် လက်ရှိကျင့်သုံးနေသော စီးပွားရေးမူဝါဒအရ နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်မှာ တတိယနေရာတွင်သာ ရှိပေသည်။

မှန်ပါပေသည်။ ပြည်သူကို ဗဟိုပြုသည့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူများနှင့် သက်ဆိုင်ပြီး ပြည်သူကိုအလေးထားသည့် ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ပထမမဏ္ဍိုင်သာဖြစ်ပါသည်။ ပြည်သူများပါဝင်ပြီး မျှတစွာ လုံ့လစိုက်ထုတ်၍ အကျိုးအမြတ်ရရှိနိုင်သည့် သမဝါယမကဏ္ဍမှာ တိုင်းပြည်စီးပွားရေး၏ ဒုတိယမဏ္ဍိုင်ဖြစ်ပါသည်။

မေလ ၁၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက "တိုင်းပြည်စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရေးအတွက် သမဝါယမအသင်းများကို အဆင့်တိုးမြှင့်ရန် မလွဲမသွေလိုအပ်ပါကြောင်း" ပြောကြားထားသည်။

သမဝါယမကဏ္ဍသည် မြန်မာနိုင်ငံ၌ ယခုမှပေါ်ပေါက်လာသောရွှေကြာပင်မဟုတ်။ လွတ်လပ်ရေးမရခင်ကာလ၊ လွတ်လပ်ရေးရပြီးကာလမှစ၍ ခေတ်အဆက်ဆက်တည်ရှိပြီးဖြစ်သောအသင်းအဖွဲ့ဖြစ်ပါသည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး သမမျှတစွာ အကျိုးခံစားခွင့်ရနိုင်သည့် အဆိုပါစီးပွားရေးစနစ်မှာ တစ်ချိန်က အားသာချက်ရှိသလို အားနည်းချက်များလည်း ရှိခဲ့ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီး၏ အားပေးလမ်းညွှန်မှုဖြင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်၏စီးပွားရေးဒုတိယမဏ္ဍိုင်အဖြစ် တိုင်းပြည်စီးပွားရေးကို အမှန်တကယ်အထောက်အကူပြုလာရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဟု ကြားသိရပေရာ အခြေခံလူတန်းစားပြည်သူများအားလုံးအတွက် ဝမ်းမြောက်ရမည်ဖြစ်ပေသည်။

သမဝါယမကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတကာရှိ ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌လည်း သမဝါယမလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး အောင်မြင်စွာဆောင်ရွက်နေသည်ဟု သိရှိရပါသည်။

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် သမဝါယမအသင်း အများဆုံးရှိသောနိုင်ငံဖြစ်ပြီး နိုင်ငံသား ၄၀ ရာခိုင်နှုန်းမှာ သမဝါယမအသင်းသားများဖြစ်ကြသည်ဟု သိရှိရသည်။ အလားတူ ဂျပန်နိုင်ငံတွင် အသင်းသား ကိုးသန်းကျော်၊ အိန္ဒိယနိုင်ငံတွင် အသင်းသားလယ်သမား သန်း ၆၀ ကျော်ရှိသည်ဟု သိရပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် တိုင်းပြည်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံ့စီးပွားရေး၏ဒုတိယမဏ္ဍိုင်အဖြစ်သတ်မှတ်ပြီး သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် စတင်ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ သမဝါယမအသင်းများအနေဖြင့် အတိတ်က အားနည်းချက်များကို သင်ခန်းစာယူပြီး နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများ၏လုပ်နည်းကိုင်နည်းများကို အတုယူကာ လူမှုစီးပွားမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းပြည်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုအချိန်မှစ၍ လူသစ်၊ စိတ်သစ်၊ စနစ်သစ်ဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုကို ရယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# အာယုဒါနဆေးပေးခန်းနှင့် ကွန်ပျူတာဆောင် အုတ်မြစ်စီပန္နက်တင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၃**

မေ ၁၀ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ ဝေဠုဝန် (ပန်းပျိုးလက်) ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်း အာယုဒါနဆေးပေးခန်းနှင့် ကွန်ပျူတာဆောင် အုတ်မြစ်စီပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် အုတ်မြစ်များ စီပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးဆုံးမစကား ပြောကြားသည်။

ယင်းဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်းတွင် ဆရာဆရာမ ၁၃ ဦးက ကျောင်းသားကျောင်းသူ ၄၃၅ ဦးအား ပညာသင်ကြားပေးလျက်ရှိပြီး ဆရာတော်အရှင်ပညောဘာသ(ပန်းပျိုးလက်)က ဦးဆောင်၍ မရှိနွမ်းပါးသော ကလေးသူငယ်များ၊ ဒသမတန်း အောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရလူငယ်များအား ကွန်ပျူတာနှင့် ဘာသာရေး လူငယ်ဖွံ့ဖြိုးမှုသင်တန်းများ သင်ကြားပေးနေခြင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများ အချိန်ပိုပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၃**

| | |
|---|---|
| ရန်ကုန် | ရွှေဈေး ၇၁၀၃၀၀-၇၁၁၃၀၀ |
| မန္တလေး | ရွှေဈေး ၇၁၀၂၀၀-၇၁၁၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ခ) | အောက်တိန်း၉၅ | တစ်ဂါလန် | ၄၂၈၀ | ကျပ် |
| (ဂ) | အောက်တိန်း၉၂ | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၀၄. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၁၇၂. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၄၇. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၃၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၃၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၄၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၈၆. ၇၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၈၁. ၁၄၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၃. ၁၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | - | ၇၂၉. ၂၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့

# ဝါးခယ်မမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်း မကြာမီဖွင့်လှစ်တော့မည်

**ဝါးခယ်မ မေ ၁၄**

ဝါးခယ်မမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်မှု မကြာမီပြီးစီးတော့မည်ဖြစ်သောကြောင့် ယခုနှစ်အတွင်း ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်လှစ်ပြီးပါက ဝါးခယ်မမြို့ရှိ မြို့တွင်းသွားယာဉ်လိုင်းများနှင့် အဝေးပြေးယာဉ်လိုင်းများ လိုင်းပေါင်းစုံ တစုတစည်းတည်း စနစ်တကျ ထားရှိသွားမည်ဟု သိရသည်။

ယာဉ်ရပ်နားစခန်း တည်ဆောက်ရာတွင် ဆိုင်ခန်း၊ ခရီးသည်နားနေဆောင်၊ ယာဉ်လိုင်းများ၏ လက်မှတ်အရောင်းဌာနများအတွက် RC တစ်ထပ်ခွဲ အဆောက်အအုံများနှင့် အကျယ် ၁၈ ပေ၊ ဒု ရှစ်လက်မရှိ ကွန်ကရစ်လမ်းများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ယာဉ်ရပ်နားစခန်းအား ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ဇွန်လအကုန်တွင် အပြီးတည်ဆောက်ရန် မျှော်မှန်းထားကြောင်း တည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(သော်ဇက်)**





## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အမြန်ဆုံးမီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား Centre for Humanitarian Dialogue ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား Centre for Humanitarian Dialogue ဥက္ကဋ္ဌ Mr. Jean-Maire Guehenno နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး (ယာပုံ) ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



## စစ်တွေမြို့ရှိ မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား ရွှေ့ပြောင်းပေး

နေပြည်တော် မေ ၁၃

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့ညနေပိုင်းမှစတင်၍ ဒီရေလွှမ်းမိုးမှုကင်းဝေးမည့် ကုန်းမြေနေရာများသို့ ရွှေ့ပြောင်းပေးလျက်ရှိရာ စစ်တွေမြို့နယ် ပလ္လင်ပြင်ကျေးရွာမှ သံဃာငါးပါးနှင့် အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၃၈၈ ဦးတို့အား စစ်တွေမြို့ ကျိတ်တော်ကုန်းသို့ လည်းကောင်း၊ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်ရှိ ကယ်ဆယ်ရေးခစန်းမှ အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၃၆၅ ဦးတို့အား အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း တပ်မတော်သားများက တပ်ပိုင်မော်တော်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က အပြစ်မဲ့ပြည်သူ နှစ်ဦးအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြူကုတ်(ပန်ဆိုင်း)မြို့နယ်ခွဲ မန်ခိုလုံကျေးရွာ၌ နေထိုင်သော ဦးကိုကိုနိုင်၏ နေအိမ်သို့ မေ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်ထားသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အရပ်ဝတ်ဝတ်ဆင်ထားသူ ငါးဦး ရောက်ရှိလာကာ နေအိမ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ရွာ၏အရှေ့တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါပစ်ခတ်မှုကြောင့် ဦးကိုကိုနိုင်(၄၀)နှစ်မှာ ယာနားထင်၊ ဘယ်ဘက်ပခုံး၊ ဘယ်ဘက်ပေါင်၊ ယာတင်ပါးတို့အား လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာနှင့် ဦးကျော်သူ (၃၂)နှစ်မှာ ဦးခေါင်း နောက်စေ့၊ ဘယ်လက်ဖျံတို့အား လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိပြီး မူဆယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ ဦးကိုကိုနိုင်၏ဇနီးဖြစ်သူက ကြူကုတ်(ပန်ဆိုင်း) မြို့နယ်ခွဲ ရဲစခန်းသို့ တရားဥပဒေအရ အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၁၃

၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့်မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

စည်းကမ်းချက်အနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀"× ၁၄" တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက်အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဇွန် ၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်း မိုဘိုင်းဖုန်းများ မေလတွင်ဆက်လက်ရောင်းချမည့်အစီအစဉ်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသောတန်ဖိုးနည်း မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ စတင်၍ မိဘပြည်သူများ အလွယ်တကူ၊ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချပေးထားပြီးဖြစ်သည့် မိုဘိုင်းဖုန်း ၃၅၀၀၀၀ ၏ ၁၃-၅-၂၀၁၃ ရက်နေ့အထိ အမှန်တကယ် သုံးစွဲမှုမှာ တိုင်းတာစိစစ်ချက်များအရ ၃၄၄၀၀၂ ခန့်ဖြစ်ရာ ဖုန်းပေါင်း ၆၀၀၀ ခန့်မှာ သုံးစွဲမှုမပြုသေးကြောင်း တွေ့ရှိရပါသည်။

၃။ မိဘပြည်သူများမိုဘိုင်းဖုန်းသုံးစွဲမှု အဆင်ပြေခြင်းရှိ၊ မရှိကို မိုဘိုင်းအိတ်ချိန်းများတွင် မှတ်သားထားသည့် အချက်အလက်များအား တိုင်းတာစစ်ဆေးခဲ့ရာ ရန်ကုန်၊ ပုသိမ်၊ ပဲခူးနှင့် ပျဉ်းမနားမြို့များတွင် ရောင်းချပေးထားသည့် မိုဘိုင်းဖုန်းအင်အားထက် ပိုမိုသုံးစွဲလျက်ရှိနေသည်ကို တွေ့ရှိရပါသဖြင့် ထပ်မံရောင်းချပေးမည့် မိုဘိုင်းဖုန်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သောစက်ပစ္စည်းများကို တိုးချဲ့တပ်ဆင်ထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် မိုဘိုင်းဖုန်း SIM card ၃၅၀၀၀၀ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပါသည်။
(က) တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ထည့်သွင်းထားသော မိုဘိုင်းဖုန်း SIM card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်း ဖြစ်ပါသည်။
(ခ) ရောင်းချမည့် ဖုန်းအမျိုးအစားမှာ CDMA 800 MHz စနစ်မိုဘိုင်းဖုန်းဖြစ်ပြီး ဤစနစ်တပ်ဆင်ထားခြင်းမရှိသေးသည့် ချင်းပြည်နယ်တွင် WCDMA (3G) မိုဘိုင်းဖုန်းများကို နှုန်းထားတူ ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

၅။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ရောင်းချခြင်းဖြစ်ပါသဖြင့် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ ၁၅ ရက်အတွင်း မိုဘိုင်းဖုန်း SIM card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် မကုန်မီ မိုဘိုင်းဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ ဖုန်းကတ်အား အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၆။ စက်ပစ္စည်းတန်ဖိုး၊ စက်တပ်ဆင်မှု ကုန်ကျစရိတ်များကို တယ်လီဖုန်းပြောဆိုခများမှ ပြန်လည်စုစည်း ကောက်ခံရမည်ဖြစ်ပါသဖြင့် ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများကို လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ကျပ် ၂၅၀၀ အနည်းဆုံးသုံးစွဲရန် သတ်မှတ်ထားပြီးဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ၅၀၀၀ ကျပ်ကို အပြည့်မသုံးစွဲပါက အလိုအလျောက် ကျပ် ၅၀၀၀ ပြည့်သည်အထိ ဖြတ်တောက်သွားမည် ဖြစ်ပါသည်။ တယ်လီဖုန်း SIM card တွင် ဖြည့်သွင်းထားသောငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၇။ အမှန်တကယ်သုံးစွဲလိုသူ ပြည်သူများအနေဖြင့် တစ်ဆင့်ခံဈေးကြီးပေးပြီး ဝယ်ယူရခြင်းမရှိရစေရန် ရည်ရွယ်၍ လစဉ်ပုံမှန်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၈။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ အခြားလိုင်စင်ရ အော်ပရေတာများမှ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ ဆက်သွယ်သုံးစွဲနိုင်ရန် လုံလောက်သော စက်ပစ္စည်းများတိုးချဲ့တပ်ဆင်ပြီးစီးပါက မည်သည့်ကန့်သတ်ချက်မျှမရှိတော့ဘဲ လွတ်လပ်စွာ ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။



# ပါကစ္စတန်ရွေးကောက်ပွဲ နာဝပ်ရှုရစ်ဖ်အောင်ပွဲခံဟုကြေညာ အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ဆွေးနွေးမှုများပြုလုပ်



ပါကစ္စတန် မွတ်စလင်လိဂ်ပါတီ၏ ခေါင်းဆောင် နာဝပ်ရှုရစ်ဖ်အား တွေ့ရစဉ်။

**အစ္စလမ္မာဘတ်　　မေ　၁၃**

ပါကစ္စတန်ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သူ နာဝပ်ရှုရစ်ဖ်သည် အစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ၏ သမိုင်းဝင်ရွေးကောက်ပွဲတွင် မိမိအနိုင်ရရှိသည်ဟု ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှုရစ်ဖ်က ထုတ်ပြန်ကြေညာခဲ့သည်။ အသက် ၆၃ နှစ်ရှိ ရှုရစ်ဖ်သည် ပါကစ္စတန် မွတ်စလင်လိဂ်ပါတီ၏ အကြီးအကဲဖြစ်သည်။

မေ ၁၁ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲ၏ မဲစာရင်းရလဒ်များကို ပြည့်ပြည့်စုံစုံ မရရှိသေးပေ။ ရွေးကောက်ပွဲတွင် မဲပေးနိုင်သူဦးရေ၏ ၆၀ ရာခိုင်နှုန်းက လာရောက်မဲပေးခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပါကစ္စတန်မွတ်စလင်လိဂ်ပါတီသည် အများစု အနေအထားဖြစ်သော အမတ်နေရာ ၁၇၂ နေရာကို ရနိုင်ဖွယ်မရှိကြောင်း၊ အမတ်နေရာ ၁၃၀ ခန့်ကိုသာ ရရှိမည်ဟု ခန့်မှန်းရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရှုရစ်ဖ်သည် ၁၉၉၉ ခုနှစ်က စစ်ဘက်မှ အာဏာသိမ်းမှုအတွင်း ဝန်ကြီးချုပ်ရာထူးမှ ဖြုတ်ချခံခဲ့ရပြီး အကျဉ်းကျခံခဲ့ရကာ ပြည်ပြေးတစ်ဦးအဖြစ် နေထိုင်ခဲ့ရသည်။

ထိုစဉ်အတွင်း အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်အစိုးရအဖွဲ့သစ်နှင့် တန်းတူရည်တူ လုပ်ဖော်ကိုင်ဖက်များအဖြစ် လက်တွဲလုပ်ကိုင်သွားရန် အသင့်ရှိသည်ဟု အိုဘားမား၏ ကြေညာချက်တွင် ဖော်ပြသည်။

အေအက်ဖ်ပီ။

## နိုင်ငံတကာနှင့် ဒေသဆိုင်ရာပြဿနာများ အိုဘားမားနှင့် ကင်မရွန်းဆွေးနွေးမည်

**ဝါရှင်တန်　　မေ　၁၃**

အမေရိကန်သမ္မတ ဘားရတ်အိုဘားမားသည် ဝါရှင်တန်သို့ရောက်ရှိနေသော ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က မေ ၁၃ ရက်တွင် ပြောကြားသည်။

အိုဘားမားနှင့် ကင်မရွန်းတို့သည် ဆီးရီးယားပြည်တွင်းစစ်ပွဲအခြေအနေ၊ အာဖဂန်နစ္စတန်နိုင်ငံ၌ အသွင်ကူးပြောင်းမှုနှင့် ကျင်းပရန် စီစဉ်ထားသော ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲတို့နှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း အိမ်ဖြူတော်သတင်းကြေညာချက်တွင် ဖော်ပြသည်။

### ဆွေးနွေးမည်

ဝန်ကြီးချုပ်ကင်မရွန်း၏ ခရီးစဉ်သည် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတိုးတက်ရန် လိုလားမှုကို ဖော်ကျူးလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံ ခေါင်းဆောင်များသည် နိုင်ငံတကာနှင့်ဒေသဆိုင်ရာလုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

ထိပ်သီးဆွေးနွေးပွဲအပြီးတွင် ပူးတွဲသတင်းစာရှင်းလင်းပွဲကို အိမ်ဖြူတော်ရှိ နှင်းဆီဥယျာဉ်၌ပြုလုပ်ရန် စီစဉ်ထားသည်။

သမ္မတအိုဘားမားသည် ဇွန် ၁၇ ရက်မှ ၁၈ ရက်အထိ မြောက်ပိုင်းအိုင်ယာလန်၌ ပြုလုပ်မည့် ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ရိုက်တာ။

## တရုတ်တိုင်ပေငါးဖမ်းလှေ ပစ်ခတ်ခံရမှုအပေါ် တည်ငြိမ်စွာဖြေရှင်းရန် ဖိလစ်ပိုင်သမ္မတတိုက်တွန်း

**မနီလာ　　မေ　၁၃**

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာမှ တရုတ်တိုင်ပေ ရေလုပ်သားတစ်ဦး သေဆုံးခဲ့ရမှုအပေါ်တွင် အငြင်းပွားမှုများမြင့်တက်လာနေစဉ် ဖိလစ်ပိုင်သမ္မတ ဘင်နီနိုအကွီနိုက ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တည်တည်ငြိမ်ငြိမ်ဖြေရှင်းကြရန် မေ ၁၂ ရက်တွင် တိုက်တွန်းပြောကြားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းကဖြစ်ပွားခဲ့သောယင်းဖြစ်ရပ်နှင့်ပတ်သက်၍ဖိလစ်ပိုင်အခြေစိုက် တရုတ်တိုင်ပေ သံတမန်များမှတစ်ဆင့် ယင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ဆွေးနွေး၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရမည်ဟု သမ္မတ အကွီနိုက ပြောကြားသည်။ ဖိလစ်ပိုင်ရေပြင်ပိုင်နက်အတွင်း ဝင်ရောက်နေသည့် တရုတ်တိုင်ပေငါးဖမ်းရေယာဉ်လေးစင်းအနက် တစ်စင်းကို မေ ၁၀ ရက်တွင် ပစ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဝန်ခံခဲ့ပြီး ယင်းထိပ်တိုက်ရင်ဆိုင်မှုတွင် အသက် ၆၅ နှစ်အရွယ် ထိုင်ဝမ်ရေလုပ်သားတစ်ဦးသေဆုံးခဲ့သည်။

တရုတ်တိုင်ပေတွင် အခစားလုပ်ကိုင်နေသည့် ဖိလစ်ပိုင်နိုင်ငံသား အိမ်အကူအလုပ်သမားဦးရေ ၈၇၀၀၀ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး ယင်းတို့၏ဝင်ငွေဒေါ်လာသန်းရာနှင့်ချီကာ မိခင်နိုင်ငံသို့ ပြန်လည်လွှဲပို့လျက်ရှိနေသည်။

ရိုက်တာ။

## တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ယူအက်စ်အက်စ်နီမစ် ဂျပန်ပင်လယ်ပြင်သို့ ထွက်ခွာ

**ဆိုးလ်　　မေ　၁၃**

အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်နီမစ်သည် တောင်ကိုရီးယားရေတပ်နှင့် ပူးတွဲစစ်ရေး



တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည့် အမေရိကန်လေယာဉ်တင်သင်္ဘောကြီးကို တွေ့ရစဉ်။

လေ့ကျင့်ရာတွင်ပါဝင်ရန် ဂျပန်ပင်လယ်ပြင်သို့ တနင်္လာနေ့တွင်ထွက်ခွာသွားပြီဖြစ်ကြောင်း မေ ၁၃ ရက်သတင်းတွင် ဖော်ပြသည်။

နှစ်ရက်ကြာပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုတွင် လေယာဉ်များ ပူးတွဲပျံသန်းခြင်း၊ လေကြောင်းရန်ကာကွယ်ခြင်း၊ ရေပြင်တိုက်ခိုက်မှုလေ့ကျင့်ခြင်း၊ သင်္ဘောများလှုပ်ရှားမှုတိကျရန် လေ့ကျင့်ခြင်းနှင့် ဆက်သွယ်ရေး အရာရှိများ လဲလှယ်ခြင်းတို့ပါဝင်သည်။

အမေရိကန်လေယာဉ်တင်သင်္ဘောကြီးသည် ဘူဆန်ဆိပ်ကမ်း၌ သီတင်းပတ်နောက်ဆုံးရက်များ၌ ကျောက်ချထားခဲ့သည်။

### စိုးရိမ်ပူပန်

စစ်ဘက်က ကြေညာခြင်း သို့မဟုတ် အခြားမီဒီယာများက သတင်းထုတ်ပြန်ခြင်းမပြုမီ မြောက်ကိုရီးယား၏ သတင်းဌာနဝက်ဘ်ဆိုက်တွင် ယူအက်စ်အက်စ်နီမစ်ရောက်ရှိမည်ကို ဖော်ပြခဲ့သည့်အတွက် သတင်းပေါက်ကြားမှုအပေါ် အမေရိကန်နှင့်တောင်ကိုရီးယားတာဝန်ရှိသူများက စိုးရိမ်ပူပန်ခဲ့ကြသည်။

ဘီဘီစီ။



## တရုတ်တွင် ထိပ်တန်းစီးပွားရေး တာဝန်ခံတစ်ဦးကိုအဂတိလိုက်စားမှုဖြင့် စစ်ဆေးလျက်ရှိ

**ပေကျင်း　　မေ　၁၃**

တရုတ်နိုင်ငံတွင် စီးပွားရေးမူဝါဒများ ချမှတ်သူ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို အဂတိလိုက်စားမှုအတွက် စုံစမ်းစစ်ဆေးလျက်ရှိပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (အန်ဒီအာစီ)၏ ဒုတိယအကြီးအကဲ လျူတိုင်နန်အပေါ် အရေးပါသော စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ခဲ့သည်ဟု သံသယရှိကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားသည်။

မစ္စတာလျူသည် အဂတိလိုက်စားမှုပြုခဲ့သည်ဟု နာမည်ကြီး ဂျာနယ်လစ်တစ်ဦးက ဒီဇင်ဘာလအတွင်း၌ စွပ်စွဲခဲ့ခြင်းဖြစ်သည်။

သမ္မတသစ် ရှီကျင့်ဖျင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လူသိရှင်ကြား တွန်းအားပေးလာသည့်အခါမှသာ ၎င်းကို အရေးယူမှုပြုလုပ်ခြင်းဖြစ်သည်။

အန်ဒီအာစီ၏ ဒုတိယညွှန်ကြားရေးမှူးကို လွန်လွန်ကဲကဲစည်းကမ်းဖောက်ဖျက်ခဲ့သည်ဟု တရုတ်ကွန်မြူနစ်ပါတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင်က သံသယရှိသည့်အတွက် စစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရပ်ခြား စီးပွားရေးစီမံကိန်းများကို ကြီးကြပ်ရသည့် အန်ဒီအာစီတွင် မစ္စတာလျူသည် ၂၀၀၈ ခုနှစ်မှ စ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းအပြင် စွမ်းအင်မူဝါဒကို တာဝန်ခံရသော တရုတ်စွမ်းအင်အုပ်ချုပ်ရေးအဖွဲ့၏အကြီးအကဲလည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဘီဘီစီ။



## ဖတ်ရှုဖွယ်ရာ နိုင်ငံတကာသတင်းအတိုအထွာ

### ဂျကာတာနိုက်ကလပ်နှစ်ခု၌ မူးယစ်ဆေးသုံးစွဲသူ ၁၉ ဦးဖမ်းဆီး

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ နိုက်ကလပ်နှစ်ခုအတွင်း မေ ၁၁ ရက်က မူးယစ်ဆေးဝါးသုံးစွဲနေသူ ၁၉ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဂျကာတာရဲတပ်ဖွဲ့က မေ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ လူဦးရေ ၁၀ ဒသမ ၁ သန်းခန့် နေထိုင်သော ဂျကာတာမြို့၏ နိုက်ကလပ်နှစ်ခုအတွင်း မူးယစ်ဆေးသုံးစွဲပြီး မူမမှန်စွာ ကခုန်နေသူများ ရှိသည်ဆိုသည့် သတင်းအရ ဂျကာတာရဲတပ်ဖွဲ့သည် ကလပ်လုံခြုံရေးတာဝန်ရှိသူများအား သီချင်းပိတ်ခိုင်းခြင်း၊ မီးများထိန်အောင် ဖွင့်ခြင်းများ ပြုလုပ်ရန်တောင်းဆိုခဲ့ပြီး ဆေးစွဲနေသူများအား ရှာဖွေစစ်ဆေးဖမ်းဆီးခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများမှာ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးလေးဦးနှင့် ဒုတိယကလပ် မှ တာဝန်ရှိသူနှစ်ဦးတို့ဖြစ်ကြောင်း၊ သို့သော် ကလပ်နှစ်ခုအတွင်း မည်သည့်မူးယစ်ဆေးဝါးမျှ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိကြောင်း၊ ရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

---

### ဘက်ထရီပြဿနာပေါ်ခဲ့သော်လည်း ဘိုးရင်းလေယာဉ်ထုတ်လုပ်မှု စံချိန်တင်

လစ်သီယမ်ဘက်ထရီစနစ် ချွတ်ယွင်းမှုပြဿနာများကြောင့် ဘိုးရင်း ၇၈၇ ဒရင်းလိုင်နာ လေယာဉ်များသုံးလကြာ ပျံသန်းမှုရပ်ထားခဲ့ရသော်လည်း ယင်းလေယာဉ်များ ထုတ်လုပ်မှုအပိုင်းမှာ ယခုနှစ်အတွင်း ကျဆင်းသွားဖွယ်မရှိဘဲ ဆက်လက်မြင့်တက်ပြီး စံချိန်သစ်ပင် တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ တစ်လလျှင် ငါးစင်း၊ ယင်းနောက် တစ်လလျှင် ခုနစ်စင်း၊ ထို့မှတစ်ဆင့် တစ်လလျှင် ၁၀ စင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ဘိုးရင်းကုမ္ပဏီမှ တာဝန်ရှိသူပုဂ္ဂိုလ်တစ်ဦးက မေ ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ယခုနှစ် နှစ်ကုန်ပိုင်းကာလတွင် လေယာဉ်စင်းရေ ၆၄၅ စင်း တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း၊ ဘိုးရင်း ၇၃၇ နှင့် ၇၇၇ လေယာဉ်များကိုလည်း တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း၊ ဒရင်းလိုင်နာလေယာဉ်အစင်း ၈၀၀ ထုတ်လုပ်ရန် အမှာစာရရှိကြောင်း သိရသည်။

---

### ညီမဖြစ်သူကို သတ်သူ အသက်(၁၂)နှစ်အရွယ်လူငယ် ဖမ်းဆီးခံရ

အသက် (၁၂)နှစ်အရွယ် လူငယ်တစ်ဦးက အသက် ရှစ်နှစ်အရွယ်ရှိ ၎င်း၏ညီမဖြစ်သူအား ဓားဖြင့် ထိုးသတ်ခဲ့မှုဖြင့် ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က မေ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ လီလာဖောင်လာအမည်ရှိ ညီမဖြစ်သူအား သတ်ခဲ့သည့် အဆိုပါလူငယ်၏ အမည်နာမကို ဖော်ပြထားခြင်းမရှိပေ။ ၎င်းအား ကယ်လီဖိုးနီးယားပြည်နယ် ကယ်လာဗာရပ်စီရင်စုရှိ အချုပ်ခန်းသို့ မေ ၁၂ ရက်က ခေါ်ဆောင်ခဲ့ကြောင်း၊ ၎င်း၏ညီမဖြစ်သူ ဖောင်လာအား ဧပြီ ၂၇ ရက်က ၎င်းတို့၏ ဗယ်လီစပရင်းမြို့နေအိမ်၌ ဓားထိုးခံထားရသည့် အနေအထားအတိုင်း တွေ့ရှိခဲ့ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် နေအိမ်၌ ၎င်းတို့ မောင်နှမနှစ်ဦးတည်းသာရှိနေကြောင်း၊ မည်သည့်အတွက်ကြောင့် သတ်ဖြတ်ရခြင်းဖြစ်သည်ကိုမူ စစ်ဆေးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

---

### လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်မားနေ

ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပါဝင်မှုအဆင့်မှာ တစ်သန်း၏ အစိတ်အပိုင်း ၄၀၀ နှုန်း ပါဝင်လျက်ရှိကြောင်း၊ ယင်းတို့သည် လူတို့၏ ပယောဂကြောင့် ဖြစ်တည်လာခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အေဂျင်စီတစ်ခုက မကြာသေးမီရက်ပိုင်းအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ဂရန်သန်ရာသီဥတု ပြောင်းလဲမှုလေ့လာရေးသိပ္ပံမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပါမောက္ခ ဘရိန်းဟော့စ်ကင်က လွန်ခဲ့သည့် နှစ်ပေါင်း သန်းနှင့်ချီသော ကာလများအတွင်းက ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုနှုန်းမှာ တစ်သန်း၏ အစိတ်အပိုင်း ၁၈၀ မှ ၂၈၀ ကြားပမာဏမျှသာရှိကြောင်း၊ ယနေ့ကာလတွင်မူ တစ်သန်း၏ အစိတ်အပိုင်း ၄၀၀ အထိ နေရာယူလာပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဟိန်းထက်လင်း - စုစည်းသည်

## ပီလောပီနံ့ဉပြုတ်စားရာမှ အစာအဆိပ်သင့်

ရန်ကုန် မေ ၁၃

မေ ၉ ရက်က မြိတ်မြို့ မြို့သစ်ရပ်ကွက် ဦးနောင်နီအပိုင် ငါးများစကြာ်ငါးဖမ်းလှေမှ လှေသားဖြစ်သူ မြိတ်မြို့ အောင်မင်္ဂလာရပ်ကွက်နေ နောင်ကြည်(ခ)အရှူးသည် အလယ်မန်ကျေးရွာ လိပ်ဥကျွန်း၌ လှေရပ်နားစဉ် ကျွန်းပေါ်မှ ပီလောပီနံ့ဉများ တူးဖော်ယူခဲ့ပြီး မေ ၁၀ ရက် ညနေ ၄ နာရီတွင် နေအိမ်၌ ပီလောပီနံ့ဉ ပြုတ်စားရာမှ အိမ်ရှိမိသားစုများ အစာအဆိပ်သင့်ကာ မူးဝေအော့အန်လာခြင်းကြောင့် မြိတ်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသပေးခဲ့ကြောင်းနှင့် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ကမာဝက်ကျေးရွာ ကျေးလက်ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်များဖွင့်လှစ်

နေပြည်တော် မေ ၁၃

မုဒုံမြို့နယ် စည်ပင်သာယာရေးနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကမာဝက်ကျေးရွာ ဈေးပတ်လမ်း၊ ဓမ္မစေတီလမ်းနှင့် ထောင်ဖုဘုရားလမ်း စသည့် ကျေးလက်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီတွင် အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ ကမာဝက်ဈေးပတ်လမ်းကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ပြည်နယ်စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဓမ္မစေတီကိုယ့်အားကိုယ်ကိုးလမ်းဖွင့်ပွဲ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်အောင်တို့က အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ထောင်ဖုဘုရားလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးနိုင်ရွှေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး လမ်းများတွင် ကမာဝက်ဈေးပတ်လမ်းမှာ အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၉၀၊ ဓမ္မစေတီလမ်းမှာ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ ရှိပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၂၀၀၊ ထောင်ဖုဘုရားလမ်းမှာ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ ရှိပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၁၁၀ ဖြစ်ကာ မြို့နယ်စည်ပင်နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်၍ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မကြာမီ မိုးတွင်းကာလသို့ ရောက်ရှိလာမည်ဖြစ်သဖြင့် ကမ်းနားတွင် နေထိုင်သော ပြည်သူများအနေဖြင့် အမြဲသတိရှိပြီး မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ရန်၊ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ပြည်နယ်အစိုးရအနေဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို မြို့နယ်တာဝန်ခံဝန်ကြီး (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြနိုင်ကြောင်း၊ ပြည်သူများ၏ တင်ပြချက်များအပေါ် မူတည်၍ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လတ်တလော ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၃ ရက် နံနက်ပိုင်းက မိုးရွာသွန်းမှုကြောင့် ဗိုလ်တထောင်ဘုရားလမ်းတစ်နေရာတွင် သစ်ပင်ကြီးတစ်ပင်လဲနေသည်ကို တွေ့မြင်ရစဉ်။

ဓာတ်ပုံ -ခင်မောင်ဝင်း(ကြေးမုံ)

## ထားဝယ်ခရိုင် မြေတ္တာမြို့နယ်ခွဲ နယ်စပ်ကုန်သွယ်ရေးစခန်း(ထီးခီး) ကုန်သွယ်မှုစတင်

နေပြည်တော် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မြေတ္တာမြို့နယ်ခွဲ ထီးခီးဒေသရှိ နယ်စပ်ကုန်သွယ်ရေးစခန်း(ထီးခီး) ကုန်သွယ်မှုစတင်ခြင်း အခမ်းအနားကို မေ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာ-ထိုင်း နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှုများကို ဥပဒေနှင့်အညီ တရားဝင် တင်ပို့/တင်သွင်းနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် ထီးခီးအပါအဝင် ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းခြောက်ခုရှိပြီဖြစ်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် မြိတ်၊ ကော့သောင်း၊ မော်တောင်နှင့် ထီးခီးစခန်းလေးခုပါဝင်နေကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်လုံခြုံချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ထားဝယ်-မြေတ္တာ ထီးခီးလမ်းကိုလည်း လုံခြုံလျင်မြန်ချောမွေ့စွာ သွားလာနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း (ထီးခီး)သည် တနင်္သာရီတိုင်းဒေသကြီး၌ ယခုလအတွင်း ဖွင့်လှစ်သော ဒုတိယမြောက်စခန်းဖြစ်ပြီး ရာသီမရွေးမော်တော်ယာဉ်များဖြင့် ကုန်သွယ်ခွင့်ရရှိသဖြင့် ဒေသထွက်ကုန်များကို အရည်အသွေးမီစွာဖြင့် ကုန်သွယ်ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မေ ၁၃ ရက် နံနက်ပိုင်းက မဟာဗန္ဓုလလမ်းမပေါ်တွင် မိုးရွာသွန်းမှုကြောင့် လမ်းပေါ်သို့ ရေများလျှံတက်နေသည်ကို တွေ့မြင်ရစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



## ကရင်ပြည်နယ်တွင် မိုင်းဟောင်းပေါက်ကွဲ၍ လူတစ်ဦးသေဆုံး

နေပြည်တော် မေ ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အရှေ့ဘက် ကော့ကရိတ်-မြဝတီ လမ်းယာဘက်နှစ်မိုင်ခန့်အကွာတွင် မေ ၇ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုင်းဟောင်း နင်းမိပေါက်ကွဲ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ကော့ကရိတ်မြို့ အမှတ်(၇) ရပ်ကွက်နေ ကျော်ဟိန်(ခ) မက်ကင်ဆိုသူဖြစ်ပြီး မေ ၆ ရက်တွင် ထင်းခုတ်ရန်နေအိမ်မှ ထွက်သွားကတည်းက ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ယခု မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကျော်ခန့်ဇော်)



# လက်ဆေး၊ ခြေထောက်ဆေး သားသားလေး

## ယုဝတီခင်ဦး

"အိမ်ကို ခဏလာလည်ကြတဲ့ တူလေး တူမလေးတွေ ဝမ်းသွားတဲ့အခါ သန်ကောင်တွေပါလာပြီး ဗိုက်နာတယ် ပြောနေကြလို့ ဒေါက်တာတို့ ကလေးဆေးရုံကိုလာပြမလို့။ ဘာဖြစ်လို့များ ဒီသန်ကောင်တွေက ကလေးတွေကိုမှ ဒုက္ခပေးရတယ်မသိဘူးနော်"

"ဒီလိုလေ အစ်မကြီးရဲ့၊ သန်ကောင်ရှိတဲ့ ကလေး တစ်ဦးဦးက လမ်းဘေးမြောင်းထဲမှာ နောက်ဖေးသွား လိုက်ရင် သန်ဥတွေဟာ ထောင်ပေါင်းများစွာ ရေထဲ၊ လေထဲ လွင့်ပါသွားတတ်တယ်။ ပြီးတော့ မစင်ကိုလာနားတဲ့ ယင်ကောင်ရဲ့ ခြေထောက်တွေမှာလည်း သန်ဥတွေ ကပ်ပါသွားတဲ့အပြင် စားစရာကိုလာနားတဲ့ ယင်ကောင်ရဲ့ ခြေထောက်ကပြုတ်ကျပြီးတော့ ပျံ့နှံ့သွားတတ်တယ်။ သန်ဥဟာ အသက်သိပ်ပြင်းတယ်။ နေပူလို့ ဖြစ်စေ၊ ရေခဲသေတ္တာထဲမှာဖြစ်စေ မသေဘူး"

ဒါဖြင့် သောက်ရေနဲ့ အစားအသောက်ကို သန့်ရှင်းအောင်၊ ယင်မနားအောင် အဖုံးနဲ့၊ အုပ်ဆောင်းနဲ့ စနစ်တကျ အုပ်လျက်သားနဲ့ လူကြီးတွေမှာ သန်မထဘဲ ကလေးတွေမှာ သန်ထတာကရော ဒေါက်တာရဲ့"

"ဟုတ်ပြီ၊ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်မကလည်း ဆွေးနွေးချင်နေတာကြာပြီ၊ အဲဒီသန်ထတဲ့ရောဂါတစ်ခုတည်း မဟုတ်ဘူး။ ဝမ်းကိုက်တဲ့ရောဂါ၊ ဝမ်းပျက်တဲ့ရောဂါတွေ ကလေးတွေမှာ ဘာလို့အဖြစ်အများဆုံး ဖြစ်ရသလဲဆိုတော့ ကလေးတွေဟာ အစားအစာစားခါနီး လက်ဆေးခြင်း၊ ခြေထောက်ဆေးခြင်း မရှိလို့ဘဲ"

"ဟာ ဒါတော့ မဟုတ်ဘူးထင်တယ် ဒေါက်တာရဲ့၊ ကျွန်မတို့ မြန်မာ့ရိုးရာဓလေ့တိုင်းက ထမင်းစားခါနီး လက်ဆေးဇလုံနဲ့ ဖြစ်စေ၊ လက်ဆေးခွက်နဲ့ဖြစ်စေ လက်တော့ ဆေးကြတာချည်းပဲ မဟုတ်လား"

"အင်းလေ အဲဒီလက်ဆေးဇလုံနဲ့ လက်ဆေးခွက်ကြောင့် ခက်တာပေါ့။ လူကြီးဆိုတာကတော့ ဖုန်တွေ၊ ရွှံ့တွေ၊ သဲတွေကို အကြောင်းရှိမှကိုင်တာ၊ ကလေးသဘာဝကတော့ လမ်းဘေးမြောင်းထဲမှာ ရွှံ့လည်းနှိုက်မှာပဲ၊ ဗွက်လည်းနှိုက်ပြီးဆော့မှာပဲ၊ ပြီးတော့ လူကြီးဆိုတာက ကိုယ့်လက်သည်း ရှည်လာရင် အချိန်မရွေး ညှပ်နိုင်တယ်။ ကလေးဆိုတာကတော့ လူကြီးလုပ်သူက လက်သည်းရှည်ရင်ညှပ်ပေးမှ။ ပြီးတော့ ထမင်းစားခါနီး လက်ဆေးလိုက်စမ်းလို့ခိုင်းတဲ့အခါ ချေးရေဖျော်သလို ရေထဲလက်နှစ်လိုက်ရုံပဲ နှစ်မယ်၊ ရွှံ့တွေ ချေးတွေပြောင်စင်သွားအောင် ဆပ်ပြာနဲ့ သေသေချာချာဆေးပြီး အစာစားမှာမဟုတ်ဘူး။ ပြီးတော့ လက်ဆေးဇလုံတစ်ခုတည်းမှာ တစ်ယောက်ပြီးတစ်ယောက် လက်နှစ်ဆေးတာကလည်း တစ်ယောက်ရဲ့ လက်ကညစ်ပတ်တဲ့ ချေးအရည်ပါလာရင် တစ်ယောက်ရဲ့လက်မှာ ပေကုန်တာနဲ့ အတူတူပဲ"

"ကလေးတွေကတော့ များသောအားဖြင့် လက်ဆေးဇလုံနဲ့ လက်နှစ်မဆေးပါဘူး ဒေါက်တာရဲ့၊ များသောအားဖြင့် ရေအိုးစင်မှာ လက်ကိုရေလောင်းပြီး ဆေးကြပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ အစ်မကြီးရယ်၊ ကျွန်မဆိုလိုတာက လူကြီးတွေက ကလေးတွေရဲ့လက်ကို သေသေချာချာ စစ်ဆေးပြီး သန့်ရှင်းအောင်လုပ်ပေးကြရင် ဒီသန်ကောင်နဲ့ ဝမ်းကိုက်၊ ဝမ်းပျက်ရောဂါတွေဟာ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး။ ကလေးတွေသဘာဝ ဆော့ချင်တာ၊ ဆော့တာတော့ရှိပါစေ။ ဒါပေမယ့် ကလေးတွေရဲ့ လက်သည်းရှည်တွေကို အမြဲညှပ်ပေးရမယ်။ သူတို့ရဲ့ ချေးမျိုးစုံပေနေတဲ့ လက်တွေကို စားခါနီး၊ သောက်ခါနီး ချေးစင်အောင်ဆေးကြောပေးရမယ်။ ပြီးတော့ ကလေးတွေ ဝမ်းသွားပြီး အီးအီးကုန်းထားတဲ့လက်ကို ဆပ်ပြာနဲ့ အသေအချာ ဆေးကြောနည်း လေ့ကျင့်ပေးထားရမယ်။ ဘာကြောင့်လဲဆိုတော့ အီးအီးမစင်တဲ့လက်နဲ့ ကလေးက ဟိုလူ့ကိုင်၊ ဒီလူ့ကိုင်၊ အစားအသောက်ကို ကိုင်လိုက်တဲ့အခါ ဝမ်းပျက်ရောဂါပိုးရှိတဲ့ ကလေးရဲ့ မစင်ကြယ်တဲ့ လက်တစ်ချောင်းနဲ့ လူပေါင်းများစွာ ဝမ်းပျက်ရောဂါ ကူးစက်သွားနိုင်တယ်"

"ဟုတ်ကဲ့၊ ဒါနဲ့ လက်ဆေးခိုင်းတာတော့ ဟုတ်ပါပြီ၊ ခြေထောက်ဆေးခိုင်းတာကကော ဒေါက်တာရဲ့"

"ကလေးရဲ့ ခြေထောက်ဆိုတာကလည်း အစိုးရတာမှ မဟုတ်ဘဲ အစ်မကြီးရဲ့။ တစ်ခါတလေ ဖိနပ်စီးချင်စီးမယ်။ တစ်ခါတလေ မစီးဘူး။ ညစ်ပတ်တဲ့ရွှံ့တို့၊ ရေမြောင်းတို့ထဲမှာ ဘောလုံးကန်ရင်း လျှောက်ပြေးချင်ပြေးမိမှာပဲ။ အဲဒီအခါမှာ မသန့်ရှင်းတဲ့ သန်ကောင်ပိုးဥတို့၊ ဝမ်းပျက်ဝမ်းဥတို့၊ အသည်းရောင် အသားဝါရောဂါပိုးတို့ ပေပြီး အိမ်ပေါ်တက်လာတဲ့အခါ အန္တရာယ်ဖြစ်နိုင်တာပါပဲ။ မြေကြီးပေါ်မှာ လွင့်ပျံ့နေတဲ့ သန်တစ်မျိုးကလည်း ခြေဖဝါးကနေတစ်ဆင့် အရေပြားကိုဖောက်ပြီး ခန္ဓာကိုယ်ထဲအထိ ဝင်သွားနိုင်တယ်နော်"

"ဒါဖြင့် မိဘဝတ္တရားအနေနဲ့ ကိုယ့်ကလေးကို လက်ဆေး၊ ခြေထောက်ဆေးခိုင်းခြင်းအားဖြင့် သန်ကောင်နဲ့ ဝမ်းပျက်ဝမ်းဖောရောဂါ အန္တရာယ်တွေကို ကာကွယ်ပေးနိုင်တာပေါ့နော် ဒေါက်တာ၊ ဒါပေမယ့် မိဘတွေက မျက်စိနှစ်လုံးပွင့်ကတည်းက စားဖို့၊ သောက်ဖို့စီးပွားရှာရဖို့ လုံးပန်းရတာနဲ့ ကလေးတွေကျောင်းသာလွှတ်ရရော တစ်ခါတလေလည်း ကလေးတွေ ကျောင်းသွားတဲ့အခါ မျက်နှာမှ သစ်သွားရဲ့လားတောင် ကြည့်ချင်မှကြည့်အားမှာ ဒေါက်တာရဲ့"

"ဒါကတော့ အစ်မကြီးရယ်၊ ကိုယ့်ကလေးလည်း ကိုယ့်ကလေး၊ ကျန်းမာရေးအတွက် အချိန်ယူပြီး လုပ်ပေးကြရမှာပေါ့၊ တစ်ခုတော့လည်း ရှိသေးတယ်လေ၊ ကျောင်းတွေမှာလည်း ကလေးတိုင်း အစာမစားခင် ဆပ်ပြာနဲ့ လက်ကိုစနစ်တကျ ဆေးနည်းသင်ပေးဖို့၊ အိမ်သာဝင်ပြီးတိုင်းလည်း ဆပ်ပြာနဲ့ လက်ကို စနစ်တကျ သန့်ရှင်းအောင် ဆေးတတ်ဖို့ အလေ့အကျင့်တစ်ခု ကလေးတွေရဲ့ မှတ်ဉာဏ်ထဲမှာ အမြဲစွဲနေအောင် မပျက်မကွက် အမြဲလေ့ကျင့်ပေးထားရင် အမျိုးသားထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးအဆင့်အတန်းဟာ အများကြီးမြင့်မားသွားမယ်လို့ ယုံကြည်မိတယ် အစ်မကြီးရဲ့"

"ဟုတ်တယ်- ဟုတ်တယ်၊ အိမ်ပြန်ရင် အစ်မကြီးလည်း ကလေးတွေကို "လက်ဆေး၊ ခြေထောက်ဆေး သားသားလေးလို့" နားဝင်ချိုအောင် ဆောင်ပုဒ်လုပ်ပြီး သင်ပေးလိုက်ဦးမယ်နော်"

အစ်မကြီးသည် သူ့မြေးများ၊ တူ တူမများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးအသိပညာတစ်ခု ရရှိသွား၍ ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ထွက်ခွာသွားပါသည်။ ။

# သရက်သီးဈေးကွက် အရောင်းအဝယ်သွက်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ရှိ သရက်သီးဈေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း ဗားကရာဆိပ်ကမ်းရှိ သစ်သီးပွဲရုံများထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တို့အတွင်းရှိ ကျေးရွာများမှထွက်ရှိသော သရက်သီးများသည် စက်လှေများဖြင့် ဗားကရာဆိပ်ကမ်းရှိ သစ်သီးပွဲရုံများသို့ ဝင်ရောက်ခြင်းရှိသကဲ့သို့ ကားလမ်းပေါက်သော ကျေးရွာများမှ ကားဖြင့် သီရိမင်္ဂလာဈေးသို့ ဝင်ရောက်နေကြောင်း သိရသည်။



"စက်လှေနဲ့လာကြတာများတယ်။ ကားနဲ့လာတာကတော့ နည်းတယ်။ တွံတေးဘက်က ဝင်လာတာက အများဆုံးဖြစ်နေတယ်။ မြစ်ဝကျွန်းပေါ်ဘက်က လာတာကတော့ သုံးပုံတစ်ပုံလောက်ရှိတယ်။ မြစ်ဝကျွန်းပေါ်ဘက်က အသီးတွေထဲမှာ မော်ကျွန်းဘက်က များတယ်။ မအူပင်က နည်းတယ်။ ဒါတောင်မှ နာဂစ်မှာတုန်းက သရက်ပင်တွေ လဲသွားတာရှိတယ်။ အဲဒီလိုသာမဖြစ်ရင် အခုလိုအချိန်မှာ သရက်သီးဝင်တာ ကမ်းလုံးညွတ်ရှိတယ်" ဟု ဗားကရာဆိပ်ကမ်းအနီးရှိ သစ်သီးပွဲရုံတစ်ခုမှ ရှင်းပြသည်။

အများဆုံး ဝင်ရောက်နေသော သရက်သီးမျိုးမှာ ရင်ကွဲသရက်ဖြစ်ပြီး မချစ်စုသရက်မှာ ဒုတိယအများဆုံး ဝင်ရောက်နေကြောင်း၊သရက်သီးများကို တင်ဆောင်လာသော စက်လှေများမှာ တစ်ရက်လျှင် ပျမ်းမျှ ၂၅ စင်း ဝင်ရောက်နေပြီး ယခုထက်ပို၍ လှိုင်လှိုင်ဝင်ရောက်လာပါက တစ်ရက်လျှင် ပျမ်းမျှ အစင်း ၅၀ ကျော်မှ ၁၀၀ နီးပါးရှိတတ်ကြောင်း၊ စက်လှေတစ်စင်းလျှင် အရွယ်အစားစုံပါဝင်ပြီး ရင်ကွဲသရက်မှာ အလုံးရေ ၁၀၀၀၀ ဝန်းကျင်၊ မချစ်စုသရက်မှာ အလုံးရေ ၆၀၀၀ ဝန်းကျင်နှုန်းဖြင့် စက်လှေများတွင် တစ်စင်းလျှင် အနည်းဆုံး ယင်းပမာဏ ပါဝင်လာတတ်ကြောင်း သိရသည်။

သရက်ရာသီသည် သင်္ကြန်အလွန်ကာလမှ စတင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ၁၅ ရက်ခန့်ရှိကာလာမည့် ဝါဆိုလအထိ အရောင်း အဝယ်ဖြစ်နေမည်ဟု သိရသည်။ သရက်စိုက်ပျိုးသူတစ်ဦးက "ဒီနှစ်က အသီးရဲ့ အလုံးအရွယ်တွေ၊ အရည်အသွေးတွေက ကောင်းတယ်လို့ပြောနိုင်တာပေါ့။ အခုကမိုးမရွာတော့ အရည်အသွေးကောင်းပေမယ့် အချိုဓာတ် သိပ်တော့ မရှိဘူး။ မိုးများရင်တော့ အရည်အသွေးကနိမ့်ပေမယ့် အချိုဓာတ်ပိုတယ်" ဟု ရှင်းပြသည်။

ရန်ကုန်မြို့သို့ ရောက်လာသော သရက်သီးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များနှင့်ထားဝယ်၊ မြိတ်၊ ကော့သောင်းဘက်သို့ ပို့ပေးရခြင်းများရှိကြောင်း၊ လက်လီရောင်းချသူများနှင့် လမ်းဘေးဈေးသည်များကို သရက်သီးဈေးကွက်က အားပြုရောင်းချနေရကြောင်း သိရသည်။

"ဦးလေးတို့ငယ်ငယ် လွန်ခဲ့တဲ့နှစ် ၂၀ ကျော် ၃၀ လောက်ကဆိုရင် ဒီကသရက်ကို မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်း၊ မန္တလေးဘက်အထိ ပို့ပေးရတယ်။ အခုတော့ မန္တလေးဘက်ကပြန်ဝင်လာတယ်။ အခုချိန်က သူ့ရာသီချိန်မဟုတ်သေးတော့ မဝင်လာသေးဘူး။ ရေလမ်းအသီးတွေပဲ ဝင်နေတာဖြစ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။ သရက်သီးဈေးကွက်တွင် လက်ကားဈေးမှာ အလုံးအရွယ်အလိုက် ဈေးနှုန်းအနည်းငယ်ကွဲပြားပြီး မချစ်စု(ရှယ်သီး)မှာ ငွေကျပ် ၂၀၀ မှ ၂၅၀ ကြား၊ ရင်ကွဲသရက် (ရှယ်သီး) မှာ ငွေကျပ် ၈၀ မှ ၉၀ ကြားပေါက်ဈေးရှိနေကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)



မေ ၁၀ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်တွင် ပြည်သူများ လျှပ်စစ်မီးပြည့်စုံလုံလောက်စွာ သုံးစွဲနိုင်ရန် မြို့နယ်လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်၍ ဝန်ထမ်း ၁၂ ဦးတို့က ပြည်တော်သာပတ်လမ်းနှင့် ပုသိမ်လမ်းထောင့်တွင် 315 KVA ထရန်စဖော်မာ ထိုင်ပြီး ဖြည့်တင်းနိုင်ရန် ပြည်တော်သာပတ်လမ်းတွင် လိုအပ်လျက်ရှိသော ၆၆၀၀ ဗို့အား 95 $mm^2$ ကြိုးဆိုဒ် ပေ ၁၄၀၀ ကို အခန်း ၁၀ ခန်း၊ တိုင် ၁၁ တိုင်နှင့် သွယ်တန်းစဉ်။

(မြင့်သန်းကြည်-ရွှေပြည်သာ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ "မပော်သဓာ" (အပိုင်း -၂၀)
၈း၂၅ SEA Games ဇာတ်လမ်းတို "နောက်ဆုံးခြေလှမ်း" (ဟက်ကက်၊ မေကဗျာ) (ဒါရိုက်တာ- ဟက်ကက်)
၉း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (ဒုတိယတွဲ) (အပိုင်း-၂)
၁၁း၀၅ ရယ်စရာတစ်ကွက်စာ "Mr.Bean" ကာတွန်းအစီအစဉ်
၁၁း၂၅ တစ်မျက်နှာ၊ တစ်ကွက်စာ "မရည်ရွယ်ပါ" (ကောင်းပြည့်၊ နှင်းယမုံဦး) [ဒါရိုက်တာ- မေတင် (MMG)]
၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကျွန်တော်နှင့်မတော်ဖြစ်လိုက်သောယောက်ဖများ" (လွင်မိုး၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ- မောင်သီ)
၃း၁၅ အိန္ဒိယရုပ်ရှင် "ပါးနပ်သူရဲ့အရှုံး" (ဇာတ်သိမ်း)
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (ဒုတိယတွဲ) ( အပိုင်း-၃)
-"အိပ်မက်ထဲကအတိုင်း" (မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်နိုင်ရေး ပညာပေးဇာတ်လမ်း)
-အိန္ဒိယရုပ်ရှင် "တန်ခိုးရှင်နှင့် အာလာဒင်" (အပိုင်း-၁)



# လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ အမျိုးသမီးခေါင်းဆောင်များ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးထွက်

ရန်ကုန် မေ ၁၃

အိန္ဒိယနိုင်ငံမှ Center for Social Research၊ နယ်သာလန်နိုင်ငံမှ BCN နှင့် ဖန်တီးအိမ်လူမှုရေးအဖွဲ့အစည်းတို့ ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ အမျိုးသမီးများနှင့် ဖန်တီးအိမ်လူမှုရေးအဖွဲ့အစည်းတို့မှ အမျိုးသမီးများပါဝင်သော လေ့လာရေးအဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လေ့လာရေးခရီးအဖြစ် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် နယူးဒေလီမြို့သို့ ထွက်ခွာသွားကြသည်။ (ယာပုံ)

အဆိုပါ လေ့လာရေးအဖွဲ့သည် National Commission for Women, National Mission for Empowerment of Women, Delhi Commission for Women, Crisis intervention Center, Ministry of Women and Child Development သို့ သွားရောက်လေ့လာကာ အိန္ဒိယမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများ၊ ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ရဲအရာရှိများနှင့် တွေ့ဆုံမည်ဖြစ်သည်။ အိန္ဒိယလူမှုအဖွဲ့အစည်းအတွင်း အခန်းကဏ္ဍအားလုံးတွင် ကျား၊ မ တန်းတူညီမျှအခွင့်အရေးရရှိရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်လာရေးနှင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်သည့်ကိစ္စရပ်များကိုလေ့လာသွားမည်ဖြစ်သည်။

အိန္ဒိယလေ့လာရေး ခရီးတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ခင်စီ၊ ကရင်ပြည်သူ့ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နော်ဆာထူး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဥပဒေအကြံပေး ဒေါ်မြင့်မြင့်ဝေ၊ ခေတ်သစ်ပြည်သူ့ပါတီမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ရီရီစံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဗဟိုကော်မတီဝင် ဒေါ်တင်တင်ထွေး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်အဖွဲ့ဝင် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးတာဝန်ခံ ဒေါ်နီနီမေမြင့်၊ ဖန်တီးအိမ်မှ ဒါရိုက်တာ ဒေါ်ရွှေရွှေစိန်လတ်နှင့် ဝန်ထမ်း ဒေါ်ကေဇာကျော်တို့ ပါဝင်ကာ ယနေ့မှ မေ ၁၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# ညောင်ရွှေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မေ ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့်အတူ ညောင်ရွှေမြို့နယ် စံကားကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ မေ ၁၂ ရက်တွင် သွားရောက်ပြီး လှူဖွယ်ပစ္စည်းများနှင့် ၅ ကေဗွီအေ မီးစက် ၁၀ လုံးတို့ကို လှူဒါန်းကာ ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်

ရန်ကုန် မေ ၁၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ နည်းပြ၊ သရုပ်ပြများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးသင်တန်း (၂/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားသည်။

အလားတူ အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ အင်္ဂလိပ်စာ ကထိကများအတွက် မွမ်းမံသင်တန်း(၁/၂၀၁၃) ဖွင့်ပွဲကိုလည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

# မြိတ်-တနင်္သာရီ-မော်တောင် မော်တော်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

မြိတ် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းကို မေ ၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ မြိတ်မြို့နှင့် တနင်္သာရီမြို့နယ်တို့တွင် နေထိုင်ကြသော ဒေသခံပြည်သူများ မော်တောင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မော်တောင်ဒေသသို့ စီးပွားရေးလုပ်ကိုင်ရန်နှင့် အလုပ်အကိုင်အသစ်များ ရှာဖွေနိုင်ရန်အတွက် မြိတ်- တနင်္သာရီ- မော်တောင် ပြည့်ငြိမ်းချမ်းအမည်ဖြင့် မော်တော်ယာဉ်လိုင်းသစ်ကို မေ ၁၂ ရက် နံနက်ပိုင်းမှစ၍ စတင်ပြေးဆွဲကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်းသည် လူစီးသီးသန့် TV AIRCON BUS မော်တော်ယာဉ်ဖြစ်ပြီး မြိတ်မြို့မှ တနင်္သာရီမြို့သို့ ငွေကျပ် ၈၀၀၀၊ တနင်္သာရီမြို့မှ မော်တောင်သို့ ကျပ် ၈၀၀၀ နှင့် မြိတ်မြို့မှ မော်တောင်သို့ ၁၅၀၀၀ ကျပ်ဖြင့် စီးနင်းနိုင်ပြီး ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



# ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာယဉ်ကျေးမှု ရေးဖြေစာမေးပွဲကျင်းပမည်

နတ်မောက် မေ ၁၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ ကန်စွယ်ရွာ၌တည်ရှိသော သဒ္ဓမ္မပီတိသန္တိသုခအသင်းက ဒုတိယအကြိမ်ကျင်းပအပ်သော ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာယဉ်ကျေးမှုရေးရာရေးဖြေစာမေးပွဲကို ၁၃၇၅ ခုနှစ် ကဆုန်လဆန်း (၈၊ ၉)ရက် [မေ ၁၇၊ ၁၈ ရက်(သောကြာ၊ စနေနေ့)]များတွင် ကျေးရွာပေါင်း ၁၄ ရွာမှ ရှင်သာမဏေ၊ ကျောင်းသား ကျောင်းသူ၊ အရပ်သား အရပ်သူ စုစုပေါင်း ၇၄၄ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ဖြေဆိုကြမည့် အတန်းများနှင့် ဘာသာများမှာ (၁)ယဉ်ကျေးမှုအခြေပြုသင်တန်း၊ (၂)ပဗ္ဗဇ္ဇမ္မဝိနယတန်း ပထမအဆင့်၊ (၃)ပဗ္ဗဇ္ဇမ္မဝိနယသင်တန်း ဒုတိယအဆင့်၊ (၄)ဂိဟိဓမ္မဝိနယတန်း ပထမအဆင့်၊ (၅)ဂိဟိဓမ္မဝိနယတန်း ဒုတိယအဆင့်တို့ကို ဖြေဆိုကြရမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုကြမည့် ရှင်သာမဏေ၊ ကျောင်းသား ကျောင်းသူ၊ အရပ်သားအရပ်သူတို့၏ နှုတ်ဖြေ၊ ရေးဖြေစာမေးပွဲ၊ စာဖြေပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု ကုသိုလ်ယူကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

အောင်သန်းထွန်း(နတ်မောက်)

# ပဲခူးအကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး ထွက်ပြေးလွတ်မြောက်

ပဲခူး မေ ၁၃

ပဲခူးအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာအမှုများဖြင့် စုစုပေါင်းပြစ်ဒဏ် (၁၉) နှစ်ကျခံနေရသော အကျဉ်းသား အောင်ကိုသည် မေ ၂ ရက်တွင် အကျဉ်းထောင်မှ အုတ်ရိုးကိုကျော်၍ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အောင်ကိုသည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ဖြူးမြို့နယ် ရှမ်းပိုင်းရပ်ကွက်တွင် နေထိုင်သူ ဦးဘဦး၏ နေအိမ်အား ဖောက်ထွင်းဝင်ရောက်ပြီး ဆိုင်ကယ်တစ်စီးကို ရန်အောင်ထွန်းဆိုသူနှင့်အတူ ခိုးယူသဖြင့် ဖြူးမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် (၁၀၉၇/၁၂)အရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၅၇/၃၄)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၈၀/၃၄)အရ ထောင်ဒဏ် ငါးနှစ်ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းက ည ၁၂ နာရီတွင် ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာတွင် နေထိုင်သူ ဦးဘိုင်ကြီး၏နေအိမ်အား ဖောက်ထွင်းဝင်ရောက်ပြီး ငွေကျပ် ၅၅၀၀၀၀ ကို ရန်အောင်ထွန်းဆိုသူနှင့်အတူ ခိုးယူမှုနှင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်း နံနက် ၂ နာရီတွင် ကျောက်တံခါးမြို့နယ် ဈေးပိုင်းရပ်ကွက်၌ နေထိုင်သူ ဇင်ဖြိုးငြိမ်းဆိုသူ၏ နေအိမ်အား ဖောက်ထွင်းဝင်ရောက်ပြီး စိန် ၁၆၅ ပွင့်၊ ရွှေ ခုနစ်ကျပ်သားကို ရန်အောင်ထွန်း ဆိုသူနှင့်အတူ ခိုးယူခဲ့သဖြင့် ကျောက်တံခါးမြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် (၁၇၃၃/ ၁၂)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၇၅/၄၅၇ (၂)အရ ထောင်ဒဏ်ခုနစ်နှစ်၊ ကျောက်တံခါးမြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် (၁၇၃၂/၁၂)၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၇၅/၄၅၇ (၂) အရ ထောင်ဒဏ်ခုနစ်နှစ် စုစုပေါင်း ထောင်ဒဏ် (၁၉) နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသူဖြစ်သည်။

ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသား အောင်ကိုသည် ဒိုက်ဦးမြို့ မြို့သစ် (၃) လမ်းတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် ခြောက်လမျှသာ ပြစ်ဒဏ်ကျခံခဲ့ပြီးဖြစ်၍ ပြစ်ဒဏ်ကျန် ကာလမှာ (၁၈) နှစ်ကျော်ကျန်ရှိရာ ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၃)

# ကျောင်းဖွင့်ရန် နီးကပ်လာသည့်အတွက် Mini Truck ကားများ အရောင်းအဝယ်လိုက်

ရန်ကုန် မေ ၁၃

ကျောင်းများဖွင့်ရန် နီးကပ်လာသည့်အတွက် လက်ရှိကားဈေးကွက်မှာ အန်စာတုံးနှင့်စူပါကာစတန် အရောင်းအဝယ်လိုက်ပြီး ဈေးကွက်တွင် ကျပ်သိန်း ၁၂၀ နှင့် ၁၄၀ ဝန်းကျင်ရှိကြောင်း စမ်းချောင်းမှ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

ဟံသာဝတီကားပွဲစားတန်းမှ ဝယ်ရောင်းတစ်ဦးက "ယခုရက်ပိုင်းအတွင်း Mini Truck (ခွေးဘီလူး)များက အရောင်းအဝယ်ရှိပြီး ကျန်ကားတွေကတော့ ကြိုက်ရောင်းကြိုက်ဝယ်ဈေးနဲ့ အရောင်းအဝယ်ပါးပါးလေးရှိတယ်" ဟု ဝေဖန်ပြောဆိုသည်။

Mini Truck ကားအမျိုးအစားအမျိုးမျိုးရှိပြီး ကျပ်သိန်း ၆၀ ဝန်းကျင်ရှိကြောင်း၊ မကြာခင် Suzuki ကုမ္ပဏီက မြန်မာပြည်တွင် လာရောက်ရောင်းချမည်ဟုလည်း သတင်းများထွက်ပေါ်နေကြောင်း ထပ်မံပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့တွင် ကျောင်းများ ဖွင့်ချိန်နီးကပ်လာပြီဖြစ်၍ ကျောင်းသား တစ်ယောက်အတွက် ကျောင်းဖယ်ရီခ အကြို၊ အပို့ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ ကျော်ရှိကြောင်း Mini Truck ကားများဖြင့် ကျောင်းအကြို၊ အပို့မောင်းမည်ဆိုပါက ကားချွတ်ယွင်းပျက်စီးမှုနည်းပါကြောင်း သိရသည်။

(မောင်အေး)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် (အပိုင်း - ၁၀၃) |
| ၆း၃၅ | မြန်မာ့ရှုခင်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၁၀ | ဇာတ်လမ်းတို |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၅ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း - ၁၀၃) |
| ၆း၁၅ | သီချင်းဝိုင်း |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချိုမြိန်သောဘဝ (အပိုင်း-၈) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" (အပိုင်း-၃၄) |



၂ ရက် မွန်းလွဲ
နယ် ဘုရားကြီး
ဂွှသည်စခန်းမှ
ကညင်တော
လုပ်ပြီး ယာယီ
လည်းကောင်း၊
ကယ်ဆယ်ရေး
သည်များအား
သီတဲကြီး ၃၀သို့
ရှိနေသေးသော
ယာယီစာသင်
ားပေးခန်းနှင့်
လည်းကောင်း
င်း သိရသည်။
တွင်းရှိ မြို့နယ်/
များ၌ မုန်တိုင်း
လှည့်လည်
ံသုံးရေးအတွက်
ကြိုတင်စီမံခြင်း၊
ားပြောစက်များ
င်း၊ ရိက္ခာများ
ည်ဖြင့် ကြိုတင်
င်း သိရသည်။
င်းသတင်းများ
ာနင်္သာရီတိုင်း
ယ်အထွေထွေ
နက ကြီးမှူး၍
၆ နာရီတွင်

တစ်ကြိမ်နှင့် မေ ၁၃ ရက် နံနက် ၁၀ နာရီတွင်တစ်ကြိမ် မော်တော်ယာဉ်ဖြင့် မြို့အတွင်းလှည့်လည်ပြီး သတိပေးကြေညာခဲ့ကြောင်း သိရသည်။

ထိုသို့ ကြေညာရာတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မုန်တိုင်းသတင်းနှင့် ရေလုပ်ငန်း လုပ်ကိုင်နေသူများအတွက် ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် ကြေညာချက်များကို အသိပေးခြင်း၊ မုန်တိုင်းအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတွင်လည်း မုန်တိုင်းသတိပေးချက်များကို လှည့်လည်ကြေညာခြင်း၊ ရိက္ခာများ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် အသက်ကယ်အင်္ကျီများ စုဆောင်းစေခြင်း စသည်ဖြင့် အသိပေးနှိုးဆော်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အုပ်ချုပ်ရေးမှူးဦးစီးအဖွဲ့ မုန်တိုင်းသတိပေးချက်ကို
ရှိ ဒေသခံပြည်သူများအား လှည့်လည်သတိပေး
(သတင်းစဉ်)





းအဖွဲ့က ရိက္ခာများထောက်ပံ့နိုင်ရေး စီမံဆောင်ရွက်
(သတင်းစဉ်)

## ဆိုင်ကလုန်းမုန်တိုင်း မဟာစင်အခြေအနေ

**နေပြည်တော် မေ ၁၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင်(MAHASEN)သည် မြန်မာနိုင်ငံ (ကိုကိုးကျွန်း)၏ အနောက်တောင်ဘက် မိုင် ၄၃၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၆၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၆၀၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက် မိုင် ၃၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်။ မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ မိုင် ၆၀ အထိ ရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်များ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း နောက်ဆုံးတိုင်းထွာရရှိသော ခန့်မှန်းချက်များအရ မေ ၁၆ ရက် ညပိုင်းခန့်တွင် မြန်မာနိုင်ငံ(ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(သတင်းစဉ်)**

### ❒ ကျောဖုံးမှ

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖား(ရ်)မြို့မှ မန္တလေး မြို့တော်အထိ ခရီးသည်တင် ယာဉ်လိုင်းပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြင့်လာနိုင်ရေးနှင့် သွားလာမှုလွယ်ကူစေရေးတို့အတွက် ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အင်ဖား(ရ်)မြို့နှင့် မန္တလေးမြို့သည် မိုင် ၄၀၀ ခန့် ဝေးပြီး ယင်းခရီးစဉ်ကို မကြာမီ ပြေးဆွဲနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းယာဉ်လိုင်းသည် အိန္ဒိယနိုင်ငံ အင်ဖား(ရ်)မြို့မှ မိုရေး၊ မြန်မာနိုင်ငံ တမူး၊ မုံရွာနှင့် မန္တလေးမြို့တို့တွင် ရပ်နားသွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံအတွင်း အာဆီယံအဝေးပြေးလမ်းမကြီးများအဖြစ် လမ်းကြောင်း ခုနစ်ကြောင်းရှိရာ တမူးနှင့် ဆက်စပ်နေသော လမ်းမများအဖြစ် အာဆီယံလမ်းမ-၁ (AH-1) မြဝတီမှ တမူးမြို့အထိလမ်း၊ အာဆီယံလမ်းမ-၂ (AH-2) တာချီလိတ်-တမူးလမ်း၊ မန္တလေး-မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေး-တမူးလမ်းများကို တိုင်းရင်းသားကုမ္ပဏီ များမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း ရောက်ရှိစဉ်က ကလေးဝ-ယားကြီးလမ်း မိုင်တိုင်အမှတ်(၄၀/၀) မှ (၁၁၅/၀) အထိကို ချစ်ကြည်ရေး လမ်းမကြီးအဖြစ် အိန္ဒိယနိုင်ငံမှ ခင်းပေးမည်ဖြစ်ကြောင်းကိုလည်း ဒေသတွင်းသတင်းများအရ သိရှိရသည်။

### ❍ နယူးအော်လန်းမှ

ရဲတပ်ဖွဲ့အကြီးအကဲ ရိုနယ်လ်ဆီရာပတ်စ်က တာဝန်ရှိသူများသည် ပစ်ခတ်မှု၏ တရားခံများဖြစ်သည်ဟု သံသယရှိသူသုံးဦးထွက်ပြေးသွားသည်ကို မြင်ခဲ့ရကြောင်း၊ ၎င်းတို့အနက် တစ်ဦးမှာ အသက်(၁၈)နှစ်မှ (၂၂)နှစ်အတွင်းရှိ လူငယ်တစ်ဦးဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

"ဒီနေ့ဟာ ကျွန်တော်တို့အတွက် ကံဆိုးမိုးမှောင်ကျတဲ့နေ့တစ်နေ့ပါပဲ။ ဒီတရားခံတွေကို တွေ့အောင်ရှာဖွေသွားပါမယ်။ ဒါဟာ ကျွန်တော်တို့မြို့အတွက် တကယ့်ကိုအရေးကြီးပါတယ်" ဟု နယူးအော်လန်းမြို့တော်ဝန် မစ်ချ်လန်ဒရူးက ဒဏ်ရာရသူများကို ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီးနောက် သတင်းထောက်များကို ပြောကြားသည်။

နယူးအော်လန်းမြို့ထုတ် The Times-Picayone သတင်းစာ၏ အဆိုအရ နယူးအော်လန်းမြို့ အမေများနေ့အခမ်းအနား ချီတက်လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲသူ ၃၀၀ မှ ၄၀၀ အကြားရှိသည်ဟု ဆိုသည်။

**မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ပါ**

# မဟာစင်မုန်တိုင်းအန္တရာယ် မြို့နယ်များတွင် အသိပညာပေး

## ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မေ ၁၆ ရက်တွင် အင်အားကောင်းလာမည့် မဟာစင်မုန်တိုင်း တိုက်ခတ်နိုင်မည့် ခန့်မှန်းထားသော မုန်တိုင်းသတိပေးချက်နှင့် ပတ်သက်ပြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိသော လုပ်သားပြည်သူများသိရှိစေရန်အတွက် တိုးမြစ်လက်တက်အတွင်း နေထိုင်သော ကျေးရွာသူ၊ ကျေးရွာသားများ၊ ငါးဖမ်းထွက်နေသော ရေလုပ်သားများသိရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး အပါအဝင် ဝန်ထမ်းများမှ သင်္ဘောဆိပ်နှင့် သင်္ဘောများပေါ်ရှိ ခရီးသည်များအား လိုက်လံသတိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မေ ၁၂ ရက်နှင့် ၁၃ ရက် နံနက်ပိုင်းမှစပြီး မွန်းလွဲပိုင်းအထိ ကြိုတင်သတိပေးနှိုးဆော်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **စိန်တိုး(ပြန်/ဆက်)**



## ကော့သောင်းမြို့

ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မေ ၁၃ ရက် နံနက် ၁၀ နာရီက ကမ်းနားလမ်း ပွဲချိတ်စက်လှေဆိပ်တွင် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများသည် မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ မုန်တိုင်းအင်အားနှင့် ဦးတည်ရာအလိုက် အရောင်သတ်မှတ်ခြင်း၊ မုန်တိုင်းအသိပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ရှောင်ရန်၊ ဆောင်ရန် အသိပညာပေးအကြောင်းအရာများပါသည့် ဒိဋ္ဌိဇအားမာန် လက်ကမ်းစာစောင် အတွဲ(၁)၊ အမှတ်(၄)ကို လိုက်လံဝေငှ၍ ပြည်သူများအား အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

အလားတူ နံနက် ၁၀နာရီခွဲတွင် ပြန်/ဆက် ဦးစီးဌာနရုံးရှေ့ရှိ မြေစိုက်နံရံကပ်ဘုတ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး နံရံကပ်ပိုစတာကြီးများ၊ ပြန်/ဆက်ဦးစီးဌာနရုံးချုပ်မှ ပေးပို့သော မုန်တိုင်းအန္တရာယ်အသိပညာပေးစာစောင်များနှင့် ညွှန်ကြားချက်များကို အများပြည်သူများ သိရှိလိုက်နာနိုင်ရန် ကော့သောင်းခရိုင် ပြန်/ဆက်ဝန်ထမ်းများက ခင်းကျင်းပြသပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**



## ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်အနေဖြင့် ပြည်သူအသိပညာပေး လုပ်ငန်းဖြစ်သည့် မြေစိုက်နှင့် နံရံကပ်ပြပိုစတာများကို သန်လျင်မြို့ မြို့မဈေးအနီး စည်ပင်သာယာပန်းခြံ၊ အောင်ချမ်းသာရပ်ကွက်၊ ရန်ကုန်-ကျောက်တန်း-ခရမ်းလမ်းဘေး၊ မီးသတ်စခန်းအနီး ဈေးထိပ်တို့တွင် စိုက်ထူပြသထားလျက်ရှိသည်။

ယခုအခါ ပြည်သူများ မုန်တိုင်း၊ ရေဘေး၊ လေဘေး ကြိုတင်ကာကွယ်နိုင်ကြရန် အသိပညာရရှိပြီး ဗီနိုင်းလှုံ့ဆော်စာများကို အထက်ဖော်ပြပါ မြေစိုက်နှင့် နံရံကပ်များဖြင့် မေ ၁၀ ရက်မှစပြီး ဖော်ပြထားရှိသည်။ အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းမြို့နယ်များတွင်လည်း မေ ၁၃ ရက်တွင် ဖော်ပြအသိပေးထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်

သဘာဝဘေးအန္တရာယ်များဖြစ်သော မုန်တိုင်းအန္တရာယ်၊ ရေကြီးခြင်းအန္တရာယ်၊ လျှပ်စစ်မိုးကြိုးအန္တရာယ်၊ မြေပြိုခြင်းအန္တရာယ်၊ ငလျင်အန္တရာယ်၊ မီးဘေးအန္တရာယ်များ အလေးထား ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် ရွှေပြည်သာတံတားအောက်ရှိ ကျောက်ကွင်းကမ်းနားဆိပ်တွင် ကျောက်ကွင်းလုပ်သားများ၊ စက်လှေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကမ်းနားတစ်လျှောက် နေထိုင်သော ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အန္တရာယ်ဖြစ်ပေါ်လာပါက ရှောင်ကွင်းနိုင်ရေး အသိပေးဆောင်ရွက်ခြင်း၊ ပြည်သူများသိလိုသည်များ မေးမြန်းခြင်းအား အပြန်အလှန် ဖြေကြားဆောင်ရွက်ခြင်းကို အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလုပ်သမားခေါင်းဆောင်များနှင့် ပူးပေါင်းကာ မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ကမ်းနားအနောက်ရပ်ကွက်နှင့် မြို့သစ်(က+ခ)ရပ်ကွက်ရှိ ကမ်းနားတစ်လျှောက် နေထိုင်သူပြည်သူများကိုလည်း သွားရောက်ကွင်းဆင်းအသိပညာပေးဟောပြောဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများနှင့် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ရေကြောင်းခရီးသွား ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိသည်။ **မြတ်ခရိုင်(ပြန်/ဆက်)**



# ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် အချက်များ

**၁။ ဆိုင်ကလုန်းမုန်တိုင်း ချဉ်းကပ်လာချိန်တွင် ဆောင်ရွက်ခြင်း**

(က) မုန်တိုင်းဆိုင်ရာ သတိပေးချက်များအတွက် ရေဒီယိုနားထောင်ပါ။ ရုပ်မြင်သံကြားကြည့်ပါ။ ဆိုင်ကလုန်းမုန်တိုင်း၏ ဦးတည်ရာဘက်၊ အမြန်နှုန်း(သို့မဟုတ်) ပြင်းထန်မှုသည် အချိန်နှင့်လိုက်၍ ပြောင်းလဲသွားနိုင်သဖြင့် နောက်ဆုံးသတင်းအချက်အလက်များအတွက် ရေဒီယိုဖွင့်ထားပါ။

(ခ) တံခါးများ၊ ပြတင်းပေါက်များအားလုံးကို လုံခြုံအောင် ပြုလုပ်ထားပါ။

(ဂ) လွတ်နေသော ပျဉ်ချပ်များ၊ အိမ်ခေါင်မိုးသွပ်ပြားများ၊ အမှိုက်ပုံးများ (သို့မဟုတ်) အန္တရာယ်ဖြစ်လာနိုင်သော အခြားအရာများအားလုံးကို သိမ်းဆည်းထားပါ၊ (သို့မဟုတ်) ခိုင်မြဲအောင် ချည်နှောင်ထားပါ။

(ဃ) အိမ်တိုင်းတွင် အသက်ကယ်အင်္ကျီ(Life Jacket) နှင့် အသက်ကယ်ဘောကွင်းများ အသင့်ဆောင်ထားပါ။ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သူများနှင့် ရေလမ်းခရီးအသုံးပြုနေသူများသည် အသက်ကယ်အင်္ကျီ(Life Jacket)နှင့် အသက်ကယ်ဘောကွင်းများ ကိုယ်စီဆောင်ထားပါ။

(င) တန်ဖိုးကြီးပစ္စည်းများ၊ ဆေးနှင့် နွေးသောအဝတ်အစားအပိုများကို ပလတ်စတစ်အိတ်ဖြင့်ထည့်၍ အရေးပေါ်အိတ်အတွင်း ထားရှိပြီး အလွယ်အကူ လက်လှမ်းမီသည့် နေရာတွင်ထားပါ။

**၂။ ဆိုင်ကလုန်းမုန်တိုင်းမကျရောက်မီ အန္တရာယ်ကင်းရှင်းရာသို့ ပြောင်းရွှေ့ခြင်း**

(က) မြစ်ရေလွှမ်းမိုးသည့်နေရာတွင် နေထိုင်ပါက (သို့မဟုတ်) မြေနိမ့်ကမ်းခြေအနီးတွင် နေထိုင်ပါက ဆိုင်ကလုန်းမတိုက်မီ ရေလွတ်သော အန္တရာယ်ကင်းရှင်းသည့် ခိုလှုံရာနေရာသို့ ရွှေ့ပြောင်းရပါမည်။ ပိုင်ဆိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်လျက် နောက်ဆုံးအချိန်အထိ မစောင့်ပါနဲ့။ ပိုင်ဆိုင်ပစ္စည်းများနှင့်အတူ အသက်ဆုံးရှုံးနိုင်ပါသည်။

(ခ) အကြမ်းခံသော အဝတ်အစားများ၊ ဖိနပ်များကို ဝတ်ဆင်ပါ။

(ဂ) အန္တရာယ်ကင်းရှင်းရာသို့ သွားရောက်ချိန်တွင်မည့်သည့်နေရာသို့ သွားရောက်ကြောင်း အားလုံးသိရှိစေရန် ပြောကြားသွားပါ။ ယင်းနေရာသို့ သွားရန်အတွက် အချိန်အလုံအလောက်ရှိစေရပါမည်။ အချိန်နည်းနေပါက စောင်၊ အဝတ်အစားနှင့် အစားအစာတို့ကိုသာ ယူဆောင်ပါ။ ပစ္စည်းများကိုစုဆောင်းရန် အချိန်ရပါက အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ယူဆောင်ပါ-

(၁) ကြိုတင်ပြင်ဆင်ထားသော အရေးပေါ်အိတ်
(၂) ရေနှင့်အစားအစာအပို
(၃) အရေးကြီးစာရွက်စာတမ်းများ
(၄) ပလတ်စတစ်အခင်းစ
(၅) စောင်နှင့်အဝတ်အစားများ
(၆) အခြားတန်ဖိုးကြီးပစ္စည်းများ(ရွှေငွေ၊လက်ဝတ်ရတနာ)

(ဃ) နေအိမ်မှ မထွက်ခွာမီ လျှပ်စစ်မီးပိတ်ပြီး ဓာတ်ငွေ့(ဂက်စ်) မီးဖိုကိုပိတ်လျက် အိမ်ကိုသော့ခတ်ပါ။ မီးဖိုကို မီးငြိမ်းသတ်ပါ။

(င) အန္တရာယ်ကင်းရှင်းရာသို့သွားရောက်စဉ်တွင် အောက်ပါတို့ကို သတိပြုရပါမည်-

(၁) တံတားများ
(၂) ပြတ်ကျနေသော လျှပ်စစ်ဓာတ်အားလိုင်းများ
(၃) ချောင်းများတွင် မျောလာသောအပျက်အစီးများ
(၄) သစ်ပင်များနှင့်သစ်ကိုင်းများကျိုးကျခြင်း
(၅) လေနှင့်အတူလွင့်ပါလာသော မှန်နှင့်သွပ်ပြားများ
(၆) ရေနှင့်မျောပါလာသော အဆောက်အအုံအပျက်အစီးများ။ အထူးသဖြင့် မှန်နှင့် သွပ်ပြားများ

**၃။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ခြင်း**

(က) အဆောက်အအုံ၏ ခိုင်ခံ့သောအပိုင်းတွင် ခိုလှုံနေပါ။

(ခ) မှန်ပြတင်းပေါက်တံခါးများ အထူးသဖြင့် တရုတ်ကပ်မှန်များမှ ဝေးရာတွင်နေပါ။

(ဂ) ရပ်ရွာမှ တာဝန်ရှိသူများ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) အကယ်၍ အိမ်ခေါင်မိုးစတင်၍ လွင့်ပါစပြုလာလျှင် အိမ်၏လေကာဘက်ခြမ်းတွင်ရှိသော ပြတင်းပေါက်များကိုဖွင့်ပါ။

(င) မုန်တိုင်းဗဟိုချက်သည် လေငြိမ်သော မုန်တိုင်းမျက်စိဖြစ်သဖြင့် လေရုတ်တရက် တစ်နာရီခန့် ငြိမ်သွားနိုင်ပါသည်။ ယင်း တည်ငြိမ်မှုမှာ တစ်နာရီခန့်မျှကြာမြင့်နိုင်ပါသည်။ ယင်းအချိန်အတွင်း အရေးပေါ်ပြင်ဆင်ရန်မရှိလျှင် အိမ်အတွင်းတွင် နေထိုင်ပါ။

(စ) တံခါးများ၊ ပြတင်းပေါက်များကို ပိတ်ထားပါ။

(ဆ) ပြင်ပသို့ ထွက်ရမည်ဆိုပါက လေသံကျယ်လောင်လာသည်နှင့် တစ်ပြိုင်နက် ခိုလှုံရာနေရာသို့ ပြန်လည်ဝင်ရောက်ပါ။ လေ၏အသံမှာ အလွန်လျင်မြန်စွာ ကျယ်လောင်လာတတ်ပါသည်။ အလွန်ပြင်းထန်ပြီး ဦးတည်ရာဘက်အသစ်လည်း ဖြစ်နိုင် ပါမည်။

(ဇ) နေအိမ်စတင်၍ ပြိုကျလာပါက လူတိုင်းအား မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ။ ခိုင်မြဲစွာတပ်ဆင်ထားသည့် ပစ္စည်းများကို ကိုင်ထားပါ။ သို့မဟုတ် ခိုင်သော စားပွဲများအောက်တွင် ခိုလှုံနေပါ။

(ဈ) ရေဒီယိုဖွင့်၍ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ အသိပေးချက်များကို နားထောင်ပါ။

(ည) မည်သည့်သက်ရှိသတ္တဝါကိုမှ ချည်နှောင်ထားခြင်း၊ လှောင်ထားခြင်းမပြုမိရန် သတိထားပါ။

(ဋ) လေမုန်တိုင်းအနည်းငယ်လျော့ပါးချိန် ရေဒီယိုဖွင့်၍ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ အသိပေးချက်များကို နားထောင်ပါ။

**၄။ မုန်တိုင်းကျော်လွန်သောအခါတွင် ဆောင်ရွက်ခြင်း**

(က) အိမ်အပြင်သို့ထွက်ရန်အတွက် တာဝန်ရှိသူများမှ အန္တရာယ်ကင်းရှင်းကြောင်း တရားဝင်အသိပေးချက်မရမချင်း အိမ်ပြင်ပသို့ မထွက်ပါနှင့်။ ဂက်စ်မီးဖိုယိုစိမ့်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ လျှပ်စစ်ပစ္စည်းများကို စိုစွတ်နေသည့်အချိန်တွင် အသုံးမပြုပါနှင့်။

(ခ) ရေဒီယိုကို ဆက်လက်ဖွင့်ထားပြီး တရားဝင်သတိပေးချက်နှင့် အကြံပြုချက်များကို နားထောင်ပါ။

(ဂ) နေအိမ်မှ ဘေးကင်းရှင်းရာသို့ သွားရောက်ခဲ့ပါက နေအိမ်သို့ပြန်ရန် အန္တရာယ်ကင်းရှင်းပြီဟု ထုတ်ပြန်ချက် မထွက်မချင်း နေအိမ်သို့ မပြန်ပါနှင့်။

(ဃ) နေအိမ်သို့ပြန်ပါက အသုံးပြုသင့်သည်ဟုဆိုသော လမ်းကြောင်းအတိုင်းသွားပါ။ အလောတကြီး မသွားပါနှင့်။

(င) ပြုတ်ကျနေသော လျှပ်စစ်ဓာတ်အားလိုင်းများ၊ ပျက်စီးနေသောတံတားများ၊ အဆောက်အအုံများ၊ သစ်ပင်များကို သတိပြုပါ။ ရေလျှံနေလျှင် ရေအတွင်းသို့ မဖြတ်ကူးပါနှင့်။

(စ) သတိပေးချက်များအားလုံးကို ဂရုပြုပါ။ လှည့်ပတ်ကြည့်ရှုခြင်း မပြုပါနှင့်။

(ဆ) ဆိုင်ကလုန်းကြောင့် နေအိမ်မှာပျက်စီးပြီး နေထိုင်ရန် မဖြစ်နိုင်တော့ပါက ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အဖွဲ့သို့မဟုတ် နယ်မြေအာဏာပိုင်ထံ ဆက်သွယ်၍အကူအညီတောင်းခံပါ။

(ဇ) ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် မုန်တိုင်းဒီရေ မြင့်တက်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ကမ်းရိုးတန်းအနီးတွင် နေထိုင်ပါက ရေလွှမ်းမိုးမှုအတွက် ဖော်ပြထားသော သတိပေးချက်များကိုလည်း လိုက်နာဆောင်ရွက်နိုင်ပါသည်။

(ဈ) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်။

၅။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် မြို့နယ်များအလိုက် ဖွဲ့စည်းထားသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား အသင့်အနေအထား စုဖွဲ့ထားရှိပြီးဖြစ်ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီးသည်နှင့် ဘေးဒဏ်သင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ စေလွှတ်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မီးသတ်ဦးစီးဌာန**



# အကြိမ်(၇၀)မြောက် ဗင်းနစ်စ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အော်စကာ ကိုးဆုရှင် Bertolucci က ဂျူရီအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၇ ရက်အထိ အီတလီနိုင်ငံ ဗင်းနစ်စ်မြို့၌ ကျင်းပမည့် အကြိမ်(၇၀)မြောက် ဗင်းနစ်စ် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် Last Tango in Paris အချစ်ဒရာမာဇာတ်ကား၏ ဖန်တီးရှင် အီတလီဒါရိုက်တာ Bernardo Bertolucci က ဒိုင်ဂျူရီအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရုပ်ရှင်ပွဲတော် ဆုပေးပွဲအခမ်းအနားတွင် အမေရိကန် ရုပ်ရှင်ဒါရိုက်တာ William Friedkin အား တစ်သက်တာအကောင်းဆုံးဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

"တချို့ဒါရိုက်တာတွေဟာ Bertolucci လိုပဲ ရုပ်ရှင်ရိုက်ကူးရေးပညာတွေနဲ့ ရှည်လျားလှတဲ့အတွေ့အကြုံတွေကို အသက်ရှင်သမျှကာလပတ်လုံး ကိုယ်နှင့်မကွာယူဆောင်လာကြတယ်"ဟု ဗင်းနစ်စ်ရုပ်ရှင်ပွဲတော်မှ ဒါရိုက်တာ အဲလ်ဘတ်တို ဘာဘရာက ပြောကြားခဲ့သည်။

အသက် (၇၃)နှစ်အရွယ်ရှိ Bertolucci သည် အော်စကာဆု ကိုးဆုကို ဆွတ်ခူးရယူခဲ့သည်။ ၁၉၇၂ ခုနှစ်က ၎င်းရိုက်ကူးပြီး သရုပ်ဆောင် မာလွန်ဘရန်ဒို ပါဝင်သရုပ်ဆောင်ထားသည့် Last Tango in Paris ဇာတ်ကားသည် လူကြိုက်များပြီး ကျော်ကြားခဲ့သည်။

ထို့ပြင် Bertolucci ၏ ရုပ်ရှင်ကားပေါင်းများစွာကို ဗင်းနစ်စ်ရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသခဲ့ဖူးပြီး ယခုနှစ် ဗင်းနစ်စ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဒိုင်ဂျူရီအဖွဲ့၏ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရခြင်းသည် ရုပ်ရှင်လောက၏ ပဟေဠိဆန်သော အခွင့်အလမ်းများပေါ်ပေါက်လာနိုင်ကြောင်း၊ အီတလီရုပ်ရှင်လောကသည် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားစွာရပ်တည်နိုင်မည့် အခွင့်အလမ်းကောင်းများကို ရှာဖွေပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ပထမဦးစားပေး ဒိုင်ဂျူရီအဖွဲ့ဝင်များကို ဇူလိုင်လအတွင်း ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။



(၆၉)ကြိမ်မြောက် ဗင်းနစ်စ်နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာကြသည့် အနုပညာရှင်များကို တွေ့ရစဉ်။

# Jurassic Park 4 ဇာတ်ကားထွက်ရှိမည့်ရက် အနည်းငယ်ကြန့်ကြာနိုင်

Universal Pictures ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး စိတ်ကူးယဉ်သိပ္ပံစွန့်စားခန်းများပါဝင်သည့် Jurassic Park ဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းတွဲသစ်ဖြစ်သည့် Jurassic Park 4 ဇာတ်ကားကို ၂၀၁၄ ခုနှစ် ဇွန် ၁၃ ရက်တွင် စတင်ဖြန့်ချိရန် စီစဉ်ထားသော်လည်း အနည်းငယ် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း သိရသည်။

ယင်းဇာတ်ကားကို စတူဒီယိုပိုင်းဆိုင်ရာနှင့် ရုပ်ရှင်ထုတ်လုပ်သူများက လုံလောက်သောအချိန်တစ်ခုအထိ ပြင်ဆင်ပြီး ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းလောက်မှသာ အကောင်းဆုံးပုံစံဖြင့် ပရိသတ်အား ချပြတင်ဆက်သွားဖွယ်ရှိကြောင်း သိရသည်။

Jurassic Park ဇာတ်ကား (၁)နှင့် (၂)ကို ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ခ် ရိုက်ကူးခဲ့ပြီး ယခုအသစ်ထွက်ရှိမည့် ဇာတ်လမ်းတွဲသစ်တွင် ၎င်းကိုယ်တိုင် စီမံခန့်ခွဲမှုအရာရှိတစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲသစ်ကို ဒါရိုက်တာ Colin Trevorrow က ရိုက်ကူးပုံဖော်မည်ဖြစ်သည်။

ထို့ပြင် ယခင်ဇာတ်ကားများမှ သရုပ်ဆောင်များဖြစ်သည့် Jeff Goldblum နှင့် Richard Attenborough တို့ ယခုဇာတ်ကားသစ်တွင် ပြန်လည်ပါဝင်မည်လား၊ အခြားမည်သည့်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ကြမည်လဲဆိုသည်ကို ကြေညာချက်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိသေးပေ။

၁၉၉၃ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် Jurassic Park ဇာတ်ကားသုံးကားသည် နိုင်ငံတကာဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိကြောင်းနှင့် ၁၉၉၃ ခုနှစ်က ထွက်ရှိခဲ့သည့် ပထမဇာတ်ကားသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၆၇ သန်း ရရှိခဲ့ပြီး အမေရိကန်နိုင်ငံ၏ ၁၆ ကားမြောက် ရောင်းအားအကောင်းဆုံး ဇာတ်ကားဖြစ်ခဲ့သည်။



Jurassic Park III ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

# Warner Bros. ရုပ်ရှင်ထုတ်လုပ်ရေး၏ နာမည်ကျော်ဇာတ်ကားနှစ်ကားအား စတင်ပြသမည့်ရက်များ ပြောင်းလဲသတ်မှတ်

ဖြိုးခန္ဓာမြင့်

ဟောလိဝုဒ်၏ နာမည်ကျော်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Warner Bros. ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့သည့် All You Need is Kill ဇာတ်ကားနှင့် 300: Rise of an Empire ဇာတ်ကားတို့၏ စတင်ဖြန့်ချိမည့်ရက်စွဲများကို ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အဆိုပါကုမ္ပဏီ၏ ပြည်တွင်းဖြန့်ချိရေးဥက္ကဋ္ဌနှင့် နိုင်ငံတကာဖြန့်ချိရေးဥက္ကဋ္ဌတို့က ကြာသပတေးနေ့က ကြေညာခဲ့သည်။

ဂျပန်ဝတ္ထုကို အခြေခံရိုက်ကူးထားပြီး မင်းသားတွမ်ခရုဇ်ပါဝင်သရုပ်ဆောင်ထားသည့် All You Need is Kill ဇာတ်ကားကို မူလက ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် စတင်ပြသရန်စီစဉ်ထားခဲ့သော်လည်း ယခင်သတ်မှတ်ရက်ထက်စောပြီး ၂၀၁၄ခုနှစ် မေ ၃၀ ရက်တွင် ပြည်တွင်းရုပ်ရှင်ရုံများသို့လည်းကောင်း၊ နိုင်ငံတကာဖြန့်ချိပြသမှုအနေဖြင့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲမတိုင်မီ နှစ်ပတ်အလိုတွင် နိုင်ငံတကာသို့ စတင်ဖြန့်ချိပြသသွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၀၇ ခုနှစ်က ထွက်ရှိခဲ့ပြီး လူကြိုက်များသောဇာတ်ကားတစ်ကားဖြစ်သည့် 300 ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားတစ်ကားဖြစ်ပြီး သရုပ်ဆောင် Sullivan Stapleton အဓိက ပါဝင်သရုပ်ဆောင်ထားသည့် 300: Rise of an Empire အက်ရှင်ဇာတ်ကားကို ၂၀၁၄ ခုနှစ် မတ် ၇ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

Moving '300: Rise of an Empire ဇာတ်ကားကို ၂၀၁၄ ခုနှစ် မတ် ၇ သို့ ပြောင်းရွှေ့ရခြင်းမှာ ယခင်ဇာတ်ကားပြသခဲ့သည့် ဆောင်းရာသီ ရုပ်ရှင်ရာသီကိုရွေးချယ်ခြင်းဖြစ်ကြောင်းနှင့် ဇာတ်ကားအတွက် နွေဦးရာသီကိုရွေးချယ်ထားခြင်းဖြစ်ပါကြောင်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြသွားခဲ့သည်။




## နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိမြို့ တောင်သုံးလုံး ဇေတဝန်ပရိယတ္တိစာသင်တိုက် အနေကဇာတင်ဗုဒ္ဓပူဇာပွဲနှင့်ဝိသုံဂါမသိမ်တော်သမုတ်ပွဲ အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

သာဝတ္တိမြို့၊ တောင်သုံးလုံး ဇေတဝန်ပရိယတ္တိစာသင်တိုက် အတွင်းဝယ် နိုင်ငံတော်မှ ခွင့်ပြုမိန့်ရပြီးဖြစ်သော ဝိသုံဂါမသိမ်မြေမြတ်ကို (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓနေ့) ၂၄-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် ဒေသအသီးသီးမှ ပင့်လျှောက်အပ်သော သံဃာတော်မထေရ်မြတ်ကြီး (၇၈)ပါးတို့ဖြင့် သိမာသမ္မုတိကံဆောင်ခြင်း၊ ကျောင်းတိုက်တွင်း၌ တည်ထားတော်မူသော ဆံတော်မြတ် ၆ဆူ၊ ပုံစံတူစေတီတော်မြတ်များကို ဌာပနာအပြည့်အစုံသွင်းပိတ်၍ ဗုဒ္ဓါဘိသေကပူဇာ အနေကဇာတင်ခြင်း ပင့်သံဃာတော်အရှင်မြတ်များအား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို လှူဒါန်းဆက်ကပ်ခြင်းစသော ကုသိုလ်မင်္ဂလာတို့ကို စုပေါင်းညီညာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအားလုံးတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။

- တောင်သုံးလုံးဆရာတော်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ဘီအိုစီပိဋကတ်တိုက်ကျောင်း၌ ၂၁-၅-၂၀၁၃ ရက်အထိ သီတင်းသုံးလျက်ရှိပါသည်။

## ကျေးဇူးဆပ်ပါမည်

မှတ်ပုံတင်အမှတ်[၁၂/အလန(နိုင်)၀၀၆၇၉၅]၊ သန်းခေါင်စာရင်း၊ Import declaration၊ Import Permit, Custom, Statement, Export Certificate တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်
ကိုစိုးနိုင် ဖုန်း-၀၉-၇၃၀၈၈၄၆၀

အားကစား

# တစ်နှစ်တာအတွင်း ငါးကြိမ်မြောက်တင်းနစ်ချန်ပီယံအဖြစ် နာဒယ် ဆွတ်ခူး ဆရီနာဝီလျံ အကြိမ် (၅၀) မြောက် ချန်ပီယံအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူ

နိုင်လင်းကြည်

မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ ချန်ပီယံဆုရှင်အဖြစ် စပိန်နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က ရပ်တည်ခဲ့ပြီး အမျိုးသမီးတစ်ဦးချင်း တင်းနစ်ချန်ပီယံအဖြစ် ကမ္ဘာ့အဆင့်တစ် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက ရပ်တည်ခဲ့ပြီဖြစ်သည်။




မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းချန်ပီယံ ရာဖေးလ်နာဒယ်(ဝဲစွန်)၊ အမျိုးသမီးတစ်ဦးချင်းချန်ပီယံ ဆရီနာဝီလျံ(လယ်)နှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသော ရှာရာပိုဗာ(ယာစွန်)တို့ကို တွေ့ရစဉ်။

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်နှင့် ဆွတ်ဇာလန် တင်းနစ်ကစားသမား ဝေါရင်ကာတို့၏ မက်ဒရစ်အိုးပင်း အမျိုးသား တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်က ဝေါရင်ကာကို ၆-၂၊ ၆-၄ ဖြင့်အနိုင်ရရှိကာ မက်ဒရစ်အိုးပင်းချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

ဂရင်းဆလင်းချန်ပီယံ ၁၁ ဆုရှင် ရာဖေးလ်နာဒယ်သည် ပြီးခဲ့သည့် သီတင်းပတ်က ပေါ်တူဂီအိုးပင်း ချန်ပီယံအဖြစ်ရပ်တည်ကာ အေတီပီ ချန်ပီယံဆုကို ခုနစ်ကြိမ်မြောက် ဆွတ်ခူးရရှိထားသော ဝေါရင်ကာကို အနိုင်ရရှိပြီး မက်ဒရစ်အိုးပင်း တင်းနစ်ချန်ပီယံဘွဲ့ကို ခံယူခဲ့သူ ဖြစ်သည်။ နာဒယ်သည် ဘယ်ဒူးဒဏ်ရာမှ သက်သာကာ တင်းနစ်လောကသို့ ပြန်လည်ဝင်လာချိန်မှစ၍ တစ်နှစ်တာ ကာလအတွင်း ငါးကြိမ်မြောက် တင်းနစ်ချန်ပီယံဆုကို ရယူနိုင်ခြင်း ဖြစ်သည်။

ဆွတ်ဇာလန် တင်းနစ်အကျော်အမော် ဝေါရင်ကာသည် မက်ဒရစ်အိုးပင်းဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်ကို ရှုံးနိမ့်ခဲ့သော်လည်း လာမည့် သီတင်းပတ်တွင် ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထိပ်ဆုံး ၁၀ ဦးစာရင်းဝင်ရန် ကြိုးပမ်းမည်ဟု ဆိုသည်။

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်တစ် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံနှင့် ကမ္ဘာ့အဆင့်နှစ် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာတို့ ယှဉ်ပြိုင်အနိုင်လုခဲ့ကြခြင်းဖြစ်သည်။

အသက် (၂၆)နှစ်အရွယ် ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ အမေရိကန်တင်းနစ်မယ်ဝီလျံကို နိုင်ပွဲရရှိခဲ့ခြင်းမရှိဘဲ ယခုမက်ဒရစ်အိုးပင်း ဗိုလ်လုပွဲတွင်လည်း ဆရီနာဝီလျံက ၆-၁၊ ၆-၄ ဖြင့် အနိုင်ရခဲ့သည်။

ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ် ဆရီနာဝီလျံသည် ရှာရာပိုဗာကို အနိုင်ရရှိကာ လက်ရှိမက်ဒရစ်အိုးပင်း ချန်ပီယံဘွဲ့ကို ကာကွယ်ရယူနိုင်ခဲ့သည့်အပြင် သူမ၏ တင်းနစ်မယ်ဘဝ တစ်လျှောက်တွင် အကြိမ်(၅၀) မြောက်ဖြစ်သော အမျိုးသမီးတစ်ဦးချင်း တင်းနစ်ချန်ပီယံအဖြစ် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်သည်။

ရှာရာပိုဗာကမူ မက်ဒရစ်အိုးပင်းတွင် ရှုံးနိမ့်ခဲ့သော်လည်း သူမ၏ လက်ရှိ ပြင်သစ်အိုးပင်းချန်ပီယံဘွဲ့ကို ဆက်ထိန်းထားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## တိုက်စစ်မှူးရွန်းနီ
## အိုးထရက်ဖို့ဒ်မှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုလာပြန်ပြီ

အင်္ဂလန်နဲ့မန်ယူတိုက်စစ်မှူးရွန်းနီကတော့ လက်ရှိကစားနေတဲ့ မန်ယူအသင်းမှ အခြားအသင်းတွေဆီသို့ ထွက်ခွာခွင့်ပြုပေးဖို့ မန်ယူအသင်းကို တောင်းဆိုလာပြန်ပါပြီလို့ အိုးထရက်ဖို့ဒ်နည်းပြဘဝကို စတေးတော့မယ့် ဂလက်စဂိုးမြို့သားကြီးဖာဂူဆန်က မေ ၁၃ ရက်မှာ အတိအလင်း ပြောကြားလိုက်ပြီလည်း ဖြစ်ပါတယ်။

အသက် (၂၇) နှစ်အရွယ် အင်္ဂလန်ကြယ်ပွင့်ရွန်းနီဟာ အိုးထရက်ဖို့ဒ်မှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုလာတဲ့အပြင် ရာသီကုန်မှာအနားယူတော့မယ့် နည်းပြကြီး ဖာဂူဆန်ရဲ့ နောက်ဆုံးအိမ်ကွင်းကိုင်တွယ်ခဲ့တဲ့ ဆွမ်ဆီးအသင်းနဲ့ ပွဲစဉ်မှာလည်း ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပါဘူး။

ဖာဂူဆန်ကတော့ ဆွမ်ဆီးနဲ့ပွဲမှာ ရွန်းနီမပါဝင်ပေမယ့် ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ပြိုင်ပွဲရဲ့ရသကို အနိုင်ရလဒ်နဲ့အဆုံးသတ်ကာ သူရဲ့ မန်ယူအတွက် ပရီမီယာလိဂ်ဖလားကို အနားမယူမီရယူပေးခဲ့ပြီး ပြုံးပြုံးကြီးနဲ့ အောင်ပွဲခံခဲ့တာပါ။

ရွန်းနီဟာမန်ယူအသင်းအတွက် ပွဲပေါင်း ၄၀၂ ပွဲကစားကာ ၁၉၇ ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူးဖြစ်လို့ မန်ယူအသင်းအနေနဲ့ ရွန်းနီရဲ့ အပြောင်းအရွှေ့ဆိုင်ရာတောင်းဆိုမှုတွေကို ငြင်းဆိုခဲ့တယ်လို့ ဖာဂူဆန်က ဆိုထားပါတယ်။

သို့သော်ငြားလည်း ရွန်းနီအနေနဲ့ မန်ယူအသင်းမှ ထွက်ခွာခွင့်ပြုရန် ဒုတိယအကြိမ် တောင်းဆိုလာခြင်းဖြစ်လို့ အင်္ဂလန်ကြယ်ပွင့်လေးရွန်းနီ အိုးထရက်ဖို့ဒ်မှာဆက်ရှိနေဦးမှာလားလို့ မေးလာတဲ့အခါ နည်းပြကြီး ဖာဂူဆန်က အဲဒါကတော့ ကျွန်တော့်ဆုံးဖြတ်ချက် မဟုတ်ပါဘူးလို့ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပြောကြားခဲ့ပါတယ်။



ရွန်းနီဟာ ဆယ်ကျော်သက်အရွယ် ကစားသမားဘဝက အဲဗာတန်အသင်းမှာ ကစားခဲ့ပြီး နည်းပြဒေးဗစ်မိုယက်ရဲ့ သက်ထက်မှာပဲ ကစားဖူးသူပါ။ ၂၀၀၄ ခုနှစ် ဩဂုတ်လရောက်မှသာ မန်ချက်စတာမြို့က မန်ယူအသင်းဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သူဖြစ်ပါတယ်။

ဒါ့ကြောင့် မန်ယူဂုရုကြီး ဖာဂူဆန်ရဲ့ နည်းပြရာထူးကို ဆက်ခံမယ့်အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်က တိုက်စစ်မှူးရွန်းနီမန်ယူမှာ ဆက်ရှိနေဖို့ သူကိုယ်တိုင်ကြိုးစားရမည်မှာ သူရဲ့ပထမဆုံး ဦးစားပေးဖြစ်ပြီး စတင်ကိုင်တွယ်ခွင့်ရတဲ့နှစ်မှာပဲ မန်ယူအတွက် ဖလားနှစ်လုံးရယူပေးမယ်လို့ ပြောခဲ့ပါတယ်။ သို့သော် ရွန်းနီက အသင်းမှထွက်ခွာဖို့ ဒုတိယအကြိမ်တောင်းဆိုလာတာဖြစ်လို့ မန်ယူနဲ့မိုယက်ပူးပေါင်းကာ ရွန်းနီကို အိုးထရက်ဖို့ဒ်မှာ ဆက်ထိန်းနိုင်မလားဆိုတာကတော့ စိတ်ဝင်စားစရာပါ။

### (၁၂-၅-၂၀၁၃)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းနိုင်၏ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်(မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းနယ်မြေ)နှင့် ဆက်စပ်လျက်ရှိသော ရန်ကုန်စက်မှုစီမံကိန်းမှ မြေကွက်အမှတ်(၁၀၄+၁၀၅) ဧရိယာဧက (၂.၄၄၁+၂.၀၅၄)အသီးသီးရှိ မြေကွက်များနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်အပေါ် ကန့်ကွက်ရှင်းလင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍တရားလွှတ်တော် ရှေ့နေ ဦးဇော်ဝင်းနိုင်၏ မိတ်ဆွေက ဒေါက်တာခင်ရွှေ(MMN-561654)ထံမှ (၈-၄-၂၀၁၃)ရက်စွဲပါ "နှစ်ဦးသဘောတူ စက်ရုံမြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိပဋိညာဉ်စာချုပ်"ဖြင့်လည်းကောင်း ၂၇-၄-၂၀၁၃ရက်စွဲပါ "နှစ်ဦးသဘောတူ စက်ရုံမြေကွက် ဒုတိယ အကြိမ် ငွေပေးချေခြင်းစာချုပ်"ဖြင့်လည်းကောင်း စရန်ငွေများပေးချေဝယ်ယူထားခြင်း၊ အရောင်းအဝယ်စာချုပ်များချုပ်ဆိုထားခြင်း တို့အပေါ် လက်ရှိပိုင်ရှင်ဖြစ်သူ ဦးဝင်းစိန်[၁၂/ကတတ(နိုင်)၀၁၂၁၈၀]မှ ကန့်ကွက်ပါသည်။ အကြောင်းမှာ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းစိန်[၁၂/ကတတ(နိုင်)၀၁၂၁၈၀]က အထက်ဖော်ပြပါမြေကွက်များ အပါအဝင်ဖြစ်သည့် မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်း နယ်နှင့်စပ်ဆက်လျက်ရှိသော ရန်ကုန်စက်မှုဇုန် စီမံကိန်းမှ မြေကွက်အမှတ်-၁၀၃/၁၀၄/၁၀၅ဧရိယာစုစုပေါင်း ၇.၃၇ ဧကရှိ မြေကွက်(၃)ကွက်ကို ရောင်းသူ ဒေါက်တာခင်ရွှေ(MMN-561654)ထံမှ ၁-၁-၂၀၀၂ကတည်းက "နှစ်ဦးသဘောတူ စက်ရုံမြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိပဋိညာဉ်စာချုပ်"ဖြင့်လည်းကောင်း၊ ၂၈-၉-၂၀၀၂ရက်စွဲပါ ငွေအကြေပေး ပဋိညာဉ်စာချုပ်ဖြင့် လည်းကောင်း၊ မြေကွက်များအတွက် အပြီးအပိုင်အရောင်းဝယ် စာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ရောင်းသူဒေါက်တာ ခင်ရွှေက ကျွန်ုပ်၏မိတ်ဆွေသို့ အထက်ပါ မြေကွက်များကို ၂၈-၉-၂၀၀၂တွင် မြေတိုင်းတာလျက် လက်ရောက်ပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါမြေကွက်များ လက်ရောက်ရသည့် ၂၈-၉-၂၀၀၂ရက်မှစ၍ ရောင်းသူ မြေတိုင်းတာပေးသည့်အတိုင်း မြေတိုင်းမှတ်တိုင်စိုက်ထူခြင်း၊ ခြံစည်းရိုးကို အုတ်ရိုးချ အုတ်တိုင်ထူကာ သံပန်းများဖြင့် အခိုင်အမာကာရံခဲ့ပါသည်။ သို့အတွက် အထက်ပါမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေက ၂၈-၉-၂၀၀၂ရက်ကတည်းက လက်ရှိ ရယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့သော် ၇-၅-၂၀၁၃ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ သားသမီးများက အထက်ပါမြေကွက်များသို့ သွားရောက်ရာ ယခင်ကာရံထားသော ခြံစည်းရိုးအတွင်းသို့ လူတစ်စုကကျူးကျော်ကာ ခြံစည်းရိုးအရှေ့ဘက်ခြမ်း တစ်ခုလုံးကို ဖြိုဖျက်ပြီး မြေကွက်အမှတ်-၁၀၄+၁၀၅တို့ကို မြေကွက်ခွဲ အုတ်တံတိုင်းအသစ်ကာရံနေကြောင်း တွေ့မြင်သိရှိရပါသည်။ ယင်းကိစ္စအတွက် သက်ဆိုင်ရာသို့ အကြောင်းကြားဆောင်ရွက်နေစဉ် လူကြီးမင်းတို့၏ ကြေညာပါရှိခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

သို့အတွက် ရှေ့နေကြီး၏မိတ်ဆွေ ညွှန်ကြားချက်အရ ကြေညာခဲ့သော ၁၂-၅-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ပါ ကြေညာချက်ကိုကန့်ကွက်ပါကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ အထက်ပါမြေကွက်များ ရောင်းခြင်း ဝယ်ခြင်းကို ဆက်လက်လုပ်ဆောင်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောရိုးဖြင့်သိစေအပ်ပါသည်။

ဦးဝင်းစိန်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမြင့်

**(LL.B, D.B.L)**

တရားလွှတ်တော်ရှေ့နေ

(စဉ်-၇၂၅၂)

တိုက်(၉/၁၁)၊ (၄)လွှာ၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။








## အမည်ပြောင်း

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း(TTC) တတိယတန်း (L)မှ ဦးရဲဝဏ္ဏ၏သားများဖြစ်သော မောင်ရဲဝင့်ထက်အား မောင်ထွန်းမြတ်သုတဟု လည်းကောင်း၊ မောင်မိုးဝင့်ထက်အား မောင်ထွန်းပြည့်သုတဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံး

ကျွန်မ မစူးသီရိစံ ကိုင်ဆောင်သော Passport no-M-012552မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၅၃၄၃၄၀



## အမြို့မြို့အနယ်နယ်သတင်းများ

# အမျိုးသားနှင့် အမျိုးသမီးတို့၏ ဦးနှောက်စွမ်းရည် ကွာခြားချက်

ပေါက်ပေါက်

ဆေးသိပ္ပံပညာရှင်များက လူသားများရဲ့ဦးနှောက်ကို ခွဲခြမ်းစိတ်ဖြာကြည့်တဲ့အခါ ကျား၊ မတို့ ဦးနှောက်စွမ်းရည် ကွာခြားချက်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ပါသည်-

၁။ **အာရုံဖြန့်ကြက်ခြင်း**

အမျိုးသမီးများသည် တီဗွီကြည့်ခြင်း၊ ဖုန်းပြောခြင်း၊ ထမင်းဟင်းချက်ပြုတ်ခြင်း စသည့် မတူညီသော လုပ်ဆောင်ချက်များကို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ပြီးမြောက်သည်အထိ အာရုံစိုက်လုပ်ဆောင်နိုင်သော်လည်း အမျိုးသားများကတော့ တစ်ခုချင်းစီသာ အာရုံစူးစိုက်နိုင်ကြသည်။



၂။ **ဘာသာစကား**

အမျိုးသမီးများသည် ဘာသာစကားမြောက်မြားစွာကို လွယ်လွယ်ကူကူ လေ့လာတတ်ကျွမ်းလေ့ ရှိကြောင်း၊ ပျမ်းမျှအားဖြင့် သုံးနှစ်အရွယ် မိန်းကလေးများသည် အသက်ရွယ်တူ သုံးနှစ်အရွယ် ယောကျာ်းလေးများထက် ဘာသာစကား (စာလုံးပေါင်းသတ်ပုံ) များကို သုံးဆမျှ ပိုမိုမှတ်သားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

၃။ **အသေးစိတ်လေ့လာခြင်း**

အမျိုးသားအများစုသည် အချိန်တိုအတွင်း ဂရပ်ဖစ်ဒီဇိုင်းများ၊ ရှုပ်ထွေးသောမြေပုံများ၊ ခက်ခဲသောပုစ္ဆာများကို ဦးနှောက်ဖြင့် ပဟေဠိအဖြေညှိနိုင်သလောက် အမျိုးသမီးအများစုကတော့ စာရွက်ပေါ်တွင်ရေးချမှတ်သားလေ့လာပြီးမှသာ အဖြေထွက်လာနိုင်သည်။

၄။ **ယာဉ်မောင်းခြင်း**

ယာဉ်မောင်းခြင်း အတတ်ပညာများဖြစ်သော လမ်းအကျယ်၊ အနေအထား၊ အနေးအမြန်၊ ရုတ်တရက်ဖြစ်ပေါ်လာသည့် အချိန်အဆပြောင်းလဲမှု စသည်တို့ကို အမျိုးသားများသည် လျှပ်တစ်ပြက်အတွင်း ဦးနှောက်က အဖြေထုတ်ပေးနိုင်သော်လည်း အမျိုးသမီးများကတော့ မစွမ်းဆောင်နိုင်ချေ။

၅။ **လိမ်ညာပြောဆိုနိုင်ခြင်း**

မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့ဆုံ၍ လိမ်ညာပြောဆိုရသည့်အခါ အမျိုးသားများသည် စကားထစ်ငေါ့ မျက်နှာပျက်ယွင်း၍ ယုတ္တိမရှိပေ။ အမျိုးသမီးများကတော့ စုပါဦးနှောက်ကိုအသုံးချကာ မျက်နှာအမူအရာ ၇၀ ရာခိုင်နှုန်း၊ ခြေ၊ လက်၊ ခေါင်း၊ မျက်နှာပေးအမူအရာ ၂၀ ရာခိုင်နှုန်းနှင့် ယုတ္တိရှိရှိ အလိမ်အညာစကားလုံး ၁၀ ရာခိုင်နှုန်းတို့ဖြင့် သရုပ်ဆောင်နိုင်ကြသည်။

၆။ **ပြဿနာဖြေရှင်းမှု**

အမျိုးသားများသည် အမျိုးသမီးများလောက် ဖြတ်ထိုးဉာဏ်မကောင်းသော်လည်း ပြဿနာတစ်စုံတရာ ဖြေရှင်းနိုင်မှုအရာမှာတော့ သာလွန်ကောင်းမွန်သည်။ အမျိုးသားများသည် ပြဿနာပေါင်းစုံကိုမရောထွေးဘဲ ဦးနှောက်ထဲ တစ်ကန့်ချင်းစီခွဲထား၍ မိမိဘာသာ တစ်ခုပြီးတစ်ခု ဖြေရှင်းနိုင်သော်လည်း အမျိုးသမီးများသည် ပြဿနာများနှင့်ရင်ဆိုင်ရပါက လွန်စွာရတက်မအေးနိုင်ဘဲ တစ်ဖက်သားကို ရင်ဖွင့်၊ ညည်းတွားအကူအညီတောင်းခံလေ့ရှိသည်။

၇။ **တပ်မက်မှု**

အမျိုးသားများသည် အဆင့်အတန်း (နေရာတစ်နေရာ)၊ အောင်မြင်မှု၊ စွမ်းဆောင်ရည် စသည်တို့ကို ခုံမင်တပ်မက်လေ့ရှိပြီး အမျိုးသမီးများသည် ဖက်လဲတကင်း ရင်းနှီးကျွမ်းဝင်ခြင်း၊ မျက်နှာသာပေးအရေးတယူနှင့် ဖေးမမှု စသည်တို့မှာ နှစ်သက်ပျော်မွေ့ကြသည်။

၈။ **မပျော်ရွှင်မှု**

အမျိုးသမီးများသည် ပေါင်းသင်းဆက်ဆံရေး အဆင်မပြေသောအခါ လုပ်ငန်းခွင်တွင် အာရုံစူးစိုက်မှု မရှိတော့ပေ။ လုပ်ငန်းခွင်တွင် မပျော်ပိုက်သော အမျိုးသားများသည် ပေါင်းသင်းဆက်ဆံရေးတွင် တဖြည်းဖြည်းအားနည်းသွားတတ်သည်။

၉။ **ဆို . . . ခဲစေမြဲစေ**

အမျိုးသမီးများသည် စကားပြောဆိုရာတွင် လိုရင်း မရောက်တတ်ဘဲ အမျိုးသားများကတော့ ထိထိမိမိပြောတတ်သည်။

၁၀။ **စိတ်ကူးယဉ်ခြင်း**

အမျိုးသမီးများသည် စကားကြွယ်သလောက် အတွေးလွန်လေ့ရှိပြီး အမျိုးသားများကတော့ အတွေးမခေါင်တတ်ပေ။ ။



# သထုံ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**သထုံ မေ ၁၃**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ဘုရားကြီးတောင်ဘက် အခြေခံပညာမူလတန်းလွန်ကျောင်း“မာလာဆောင်” လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တာဝန်ယူတည်ဆောက်ခဲ့သည့် (Regal)ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးထွန်းသိန်းက ကျောင်းဆောင်သစ်**(အပေါ်ပုံ)**အား လွှဲပြောင်းပေးအပ်ရာ သထုံခရိုင်ပညာရေးမှူး ဦးအောင်မောင်းက လက်ခံရယူသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိသည့် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ကျောင်းဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးငွေ ၄၇၄ သိန်းကျော်ဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၁၃ ခုနှစ် ဧပြီ ၂၇ ရက်တွင် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မြိတ်မြို့၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**မြိတ် မေ ၁၃**

မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းကျေးရွာ မေတ္တာလမ်း အရှည် ပေ ၅၅၀၊ အကျယ် ၁၄ ပေအား ဗလပ်စုံဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုန္ဒရ၏ ကမကထပြုလုပ်မှုဖြင့် ဆရာတော်၏လှူဒါန်းငွေ၊ လုပ်ငန်းရှင်များ၊ လုပ်သားပြည်သူများ ပူးပေါင်းထည့်ဝင်ငွေဖြင့် ကျောက်ခင်းလမ်းမှ ကွန်ကရစ်လမ်းအဖြစ်သို့ ဧပြီ ၂၇ ရက်မှစ၍ အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသည်။**(အောက်ဝဲပုံ)**



အဆိုပါလမ်းသည် ယခင်က မြေသားလမ်းဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ခင်းလမ်း ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ကိုယ့်အားကိုယ်ကိုး အဆင့်မြှင့်ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းငွေကျပ် သိန်း ၈၀ ကုန်ကျမည်ဖြစ်ကြောင်း၊ ငွေပုလဲရပ်ရှိ ပြည်သူများ မြိတ်၊ ထားဝယ်လမ်းမကြီးသို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုသန့်(မြိတ်)**













ခမ်းမြောက်ခမ်းသာစွာဖြင့် သာဓုခေါ် ဆိုခြင်း

ဒေါက်တာဦးမျိုးလှိုင်+ဒေါ်စင်မာလွင်

NELC
Nelson English Language Centre
"Don't Worry, Just Speak!!!"

Age 3 to 5
- Pre-School

Age 6 to 15
- Young Learners (Sat,Sun)

Opening in June

## အမည်ပြောင်း

ဦးမင်းဇော်လတ် [၇/အဖန(နိုင်)၀၀၁၂၉၅]၏သား ပထမတန်း(B) မှ ဇော်လင်းထူးအား ဟန်လင်းထူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်သူဇာလွင်ဦး[၁၂/သခန(နိုင်)၀၉၉၂၉၄] Passport အမှတ် M 552452 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၉၃၁၈၄

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေအကျယ်လိုချင်သော လုပ်ငန်းရှင်များဆက်သွယ်ပါ။ မ/ဒ (၃၃) ရပ်ကွက်၊ ငါးမာန်အောင် ဘုရားလမ်းမ ပေ(၁၀၀ × ၆၀)

ဖုန်း-၀၉-၅၀၄၉၇၂၄၊ ၅၀၄၃၉၀၉

## ပျောက်ဆုံး

ကျွန်တော် မောင်မျိုးသူ၏ပတ်စပို့ M-269112 ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၅၀၆၉၈၈၅၊ ၀၉-၇၃၁၃၄၁၄၄

[zid] Institute

American TESOL & TKT

American TESOL Institute နှင့် University of Cambridge ၏

Teaching Qualifications ( Starting VERY SOON! Register NOW )

NEW ENGLISH WORLD

we proudly present NEW ENGLISH WORLD Programs for YOU at AMAZING TUITION FEES.

MAT Professional Training & Services

LCCI Level I, II, III

For Series 4-2013 Exam

Ph : 242431, 246618

No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp.

PPL-CPL-IR with A320 Rating

Air Bus A320

PMC Company Limited

LL.B.

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးလှရွှေ (ရွှေတောင်)**

ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန)-ဒေါ်ခင်စိုးစိုးတို့၏ဖခင်သည် ၁၀-၅-၂၀၁၃ ရက် ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန**
**ပုဂံဌာနခွဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးလှရွှေ (ရွှေတောင်)**

ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန)-ဒေါ်ခင်စိုးစိုးတို့၏ဖခင်သည် ၁၀-၅-၂၀၁၃ ရက် ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန**
**ပဲခူးဌာနခွဲ**




## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးလှရွှေ (ရွှေတောင်)**

ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန)-ဒေါ်ခင်စိုးစိုးတို့၏ဖခင်သည် ၁၀-၅-၂၀၁၃ ရက် ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန**
**ရန်ကုန်ဌာနခွဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co., Ltd. ၏ ပြည်ညောင်ဘိလပ်မြေစက်ရုံစီမံကိန်းမှ Admin Manager ဒေါ်ဝါဝါအောင် အသက်(၄၀)သည် ၁၀-၅-၂၀၁၃ ရက်(သောကြာနေ့) ည ၇း၁၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသီဟ(ဒု-ဥက္ကဋ္ဌ)-ဒေါ်ရွှေရွှေလင်း**
**Htoo Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co., Ltd. ၏ ပြည်ညောင်ဘိလပ်မြေစက်ရုံ စီမံကိန်းမှ Admin Manager ဒေါ်ဝါဝါအောင် အသက်(၄၀)သည် ၁၀-၅-၂၀၁၃ ရက်(သောကြာနေ့) ည ၇း၁၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ညောင်ဘိလပ်မြေစက်ရုံ စီမံကိန်းမှ**
**ဝန်ထမ်းများမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co., Ltd. ၏ ပြည်ညောင်ဘိလပ်မြေစက်ရုံ စီမံကိန်းမှ Admin Manager ဒေါ်ဝါဝါအောင် အသက်(၄၀)သည် ၁၀-၅-၂၀၁၃ ရက်(သောကြာနေ့) ည ၇း၁၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Htoo Construction Development Group Co., Ltd. မှ**
**ဝန်ထမ်းများ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**မောင်ရာဇာကျော်**
**အသက်(၂၇)နှစ်**

ဦးကျော်စွာ(ချစ်ဦးညို)-ဒေါ်မြင့်မြင့်အေး (လက်ဘဒီပစာအုပ်တိုက်)တို့၏ သားငယ် မောင်ရာဇာကျော် အသက်(၂၇)နှစ်သည် ၄-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**FM Bagan မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်မိမိ (၈၄)နှစ်**

ဒုတိယဗိုလ်မှူးကြီးသန့်ဇင်၊ ဒေါက်တာသက်သက်မြိုင်(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒ) (သတ္တဗေဒကျောင်းသား/သူဟောင်းများအသင်းဝင်)တို့၏မိခင် ဒေါ်ခင်မိမိသည် ၉-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်ကျောင်းသား/သူဟောင်းများနှင့်**
**လူမှုကူညီရေးစောင့်ရှောက်မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဆရာကြီးဦးလွန်းဟန်(ဘားအံ)**
**အသက်(၉၄)နှစ်**

သူငယ်ချင်း ဒေါက်တာဉာဏ်သိန်းနှင့် ဒေါက်တာမာမာဆွေတို့၏ဖခင်ကြီး ဆရာကြီးဦးလွန်းဟန်သည် ၂၇-၄-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၇၂/၈၀၊ ဆေး-၂သူငယ်ချင်းများ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၃၃၆/က)ဟုခေါ်တွင်သော ဦးကျော်သန်း အမည်ပေါက် ပေ(၂၀×၆၀)မြေကွက်အား ဦးမြမောင်[၁၂/လသန(နိုင်)၀၀၆၂၇၇](၅၈/၆၀)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေသူက တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဓမ္မရောင်ခြည် ကျောင်းတိုက်နေ သီလရှင်ဆရာကြီး ဒေါ်နုတ္တရာ[၁၂/ဥကမ(သီ)၀၀၁၆၇]ကို သာသနာရေးကိစ္စ လိုအပ်သလိုအသုံးပြုနိုင်ရန် ၁-၅-၁၉၉၉ ရက်စွဲပါ လွှဲပြောင်းလှူဒါန်းခြင်းစာချုပ်ဖြင့် ဥပဒေနှင့်အညီ အပြီးအပိုင်လွှဲအပ်လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား ဒေါ်နုတ္တရာ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမဆို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းများ မပြုလုပ်ကြပါရန်နှင့် အထက်ပါ တစ်စုံတစ်ရာကျူးလွန်ဖောက်ဖျက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူခံရမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နုတ္တရာ[၁၂/ဥကမ(သီ)၀၀၁၆၇]**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ အကွက်အမှတ်(၂၃)၊ အုတ်ဖိုကွက်၊ မြေကွက်အမှတ် (၁၅၆)၊ ဧရိယာ(၀. ၁၁)ဧကရှိ ဦးအိန္ဒမြေပေးမိန့်ရရှိထားသော အရှေ့လားသော်-ဦးအရာဒူးမြေ၊ အနောက်လားသော် အနော်ရထာလမ်း၊ တောင်လားသော် ဒို့ဗမာဆန်စက်လမ်း၊ မြောက်လားသော်-(၁၀)ပေလမ်းကြားနှင့် ဦးဖိုးဆောင်းခြံမြေအနားလေးရပ်အတွင်းရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ သီးပင်စားပင်များ၊ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့သည် ကွယ်လွန်သူဦးအိန္ဒ(ခ)ဂိုဝင်းဒါး ဇနီးဒေါ်မက်သန္တန်(ခ)ဒေါ်သနော်နှင့် သားသမီးများ ဖြစ်ကြသော ဒေါ်စန်းဦးသဲလား(သက်ရှိ)၊ ကိုကက်စွန်(ကွယ်လွန်)၊ မလက်ချမီး(သက်ရှိ) ကိုမနော်(သက်ရှိ)နှင့် မသီတာ(သက်ရှိ)တို့မိသားစုပိုင် ခြံမြေဖြစ်ပါသည်။

ဖခင်ဦးအိန္ဒ(ခ)ဂိုဝင်းဒါးသည် လွန်ခဲ့သော ၁၀-၁၁-၂၀၀၆ ရက်ကလည်းကောင်း၊ မိခင်ဒေါ်မက်သန္တန်(ခ) ဒေါ်သနော်သည် လွန်ခဲ့သော ၁၈-၁၁-၂၀၀၂ ရက်ကလည်းကောင်း၊ သားကိုကက်စွန်သည် လွန်ခဲ့သော ၁၇-၆-၂၀၁၂ ရက်ကလည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး မလက်ချမီးမှာ နိုင်ငံခြားသို့အပြီး ပြောင်းရွှေ့သွား၍ ယင်းခြံမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် သာကေတမြို့နယ်၊ (၄)ရပ်ကွက်မြောက်ပိုင်း၊ မြို့မ(၁၁)လမ်း၊ အမှတ်(၉၀၂)နေ ကျွန်ုပ်၏မိတ်ဆွေမစန်းဦးသဲလား[၁၂/သကတ(နိုင်)၁၂၈၂၈၅]၊ ကိုမနော်[၁၂/သကတ (နိုင်)၁၂၈၂၈၆] နှင့်မသီတာ[၁၂/သကတ(နိုင်)၁၂၈၄၀၀]တို့(၃)ဦးပူးတွဲပိုင်ဆိုင်ပစ္စည်းများ ဖြစ်ကြပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ ကျန်မိသားစုများမသိရှိသဘောတူခြင်းမရှိဘဲ ကျန်းမာရေးမကောင်းသူ ကိုကက်စွန်ထံမှ (ဘ)ဦးကွန်ကူး၏သားများဖြစ်ကြသော ဦးပုလဲဆာမိနှင့်ဦးပန်ချာတို့မှ တိတ်တဆိတ်ဝယ်ယူခဲ့သော စာချုပ်များမှာလည်း မူလအမည်ပေါက်ဦးအိန္ဒနှင့်ဇနီးသားသမီးများ လွှဲအပ်ချက်များမပါသဖြင့် ဥပဒေအရတရားမဝင်သောကြောင့် ယနေ့မှစ၍ အထက်ပါခြံမြေများနှင့် ပတ်သက်၍ မည်သူမှကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ တစ်ဆင့်ရောင်းချ၊ ပေါင်နှံ၊ လှူဒါန်း၊ ပေးကမ်းစွန့်လွှတ်၊ အမည်လွှဲပြောင်းခြင်းများမပြုလုပ်ကြရန်နှင့် ယင်းခြံမြေပေါ်သို့ ကျူးကျော်နေထိုင်သူများကိုလည်း ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ဖယ်ရှားထွက်ခွာမပေးပါက ကျွန်ုပ်မိတ်ဆွေများက ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆိုအရေးယူသွားတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းဦးသဲလား၊ ကိုမနော်နှင့်မသီတာတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**စန်းတင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၁၉/၈၄)**
**အမှတ်-၂၀/၂၊ နှင်းဆီလမ်း၊ (၁၂)ရပ်ကွက်၊ သုံးခွမြို့။**
**အိမ်ဖုန်း-၀၅၆-၄၀၁၄၇၊ ၀၉-၄၂၀၀၇၁၉၅၇**

## အိုလံပစ်ကုမ္ပဏီလီမိတက်မှချပေးသောပါမစ်မြေကွက်ဖြစ်သည့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ ၁၁၊ (ကမာရွတ်)မြေကွက်အမှတ်-၃၀၊ ဧရိယာ(၀. ၀၇၇)ဧကရှိ ပါမစ်မြေကွက်သက်သက်၊ ငုဝါ(၉)လမ်း(မြကန်သာ၃လမ်း) လှိုင်မြို့နယ်ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍
## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးကျော်ဘုန်းလွင်[၁၂/ကမရ(နိုင်)၀၁၁၉၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင်(အောင်ကြီး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)**
**အမှတ်-၁၆၃၊ ၄ လွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၂၄၆**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများက အမှတ်(၅၂)၊ စက်မှု(၁)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-I၊ မြေကွက်အမှတ်-၁၃၊ ဧရိယာ(၀. ၀၆၉)ဧက၊ အကျယ်အဝန်း(အလျားပေ ၃၀ × အနံပေ ၁၀၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား အိမ်ရာမြေကွက်ကြီးမှ တရားဝင်မခွဲမစိတ်ရသေးသော အရပ်မျက်နှာအခေါ်အရ မြောက်ဘက်ခြမ်း အကျယ်အဝန်း(အလျားပေ ၂၀ × အနံပေ ၁၀၀)ရှိ အိမ်ရာမြေကွက်ကို ယင်းအိမ်ရာမြေကွက်၏ အမည်ပေါက်ပိုင်ရှင်-ဒေါ်ခင်ပို[၁၂/တမန(နိုင်)၀၃၄၁၁၀]ထံမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ “အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်” မှတ်ပုံတင်အမှတ်-၆၆၃၅/၂၀၁၁ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြသည့် ဒေါ်ခင်ဝင်း[၁၂/ဥကတ(နိုင်)၀၄၇၉၁၂]၊ ဦးတိုးအောင်[၁၂/တမန(နိုင်)၀၃၄၂၈၈]၊ ဦးထွန်းထွန်းဝင်း[၁၂/တမန(နိုင်)၀၃၄၅၃၈]၊ ဦးအောင်မြင့်ကြိုင်[TME-၀၂၄၂၁၂]၊ ဒေါ်ဝင်းဝင်းမော်[၁၂/တမန(နိုင်)၀၃၄၁၁၁]တို့ထံမှ ၁-၁-၂၀၁၂ ရက်စွဲပါ “နှစ်ဦးသဘောတူ မြေကွက်သက်သက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ငွေအပြေအကျေပေးချေဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ပါ၍ ဖော်ပြပါ ဒေါ်ခင်ဝင်းပါ (၅)ဦးတို့က ဖော်ပြပါ “အိမ်ရာမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်”ကို ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေများသို့ ချုပ်ဆိုမှတ်ပုံတင်သွင်းပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ပါကြောင်း ဖော်ပြပါ ဒေါ်ခင်ဝင်းပါ (၅)ဦးတို့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)** | **ဦးသန်းအေး(B.Ag, H.G.P)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၃၄၅၈)** | **အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)** |

**အမှတ်(၅၀)၊ အခန်း(A/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပန်းတနော်မြို့၊ အမှတ်-၂၄၊ ဘုရင့်နောင်လမ်းနေ အဖဦးမောင်ချို၏သား၊ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်-P.T.N.W -၀၀၂၉၅ ကိုင်ဆောင်သူ ဦးချိုပုနှင့် အဖ ဦးစပ်တရား၏သမီး နိုင်ငံသားကတ်အမှတ်[၁၄/ပတန(နိုင်)၁၀၈၈၆၀] ကိုင်ဆောင်သူ ဒေါ်သက်သက်တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ဦးချိုပု၏ သမီးဖြစ်သူ နိုင်ငံသားကတ်အမှတ်[၁၄/ပတန(နိုင်)၁၉၂၁၁၅]ကိုင်ဆောင်သူ မအေးသန္တာချို(ခ)မပေါက်စသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘကိုရန်သူသဖွယ်ပြုမူဆက်ဆံနေပြီး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင်(အထက်တန်းရှေ့နေ)**
**အမှတ်-၂၁၊ စိတ္တသုခလမ်း၊ ပန်းတနော်မြို့**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ **ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း**အား ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်သောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် **'နိုင်ငံ့စွမ်းဆောင်ရည်ဆု' (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)**ကို ၁၀-၄-၂၀၁၃ ရက်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံအကျိုး၊ အမျိုးဘာသာ၊ သာသနာကို ဆတက်ထမ်းပိုးပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဦးမောင်မောင်အေး(Managing Director)
Moe Htet Gabar Co.,Ltd.

၂။ ဦးကျော်ထွန်းနိုင် (Chairman)
Yadanar Kaung Kin Gems
& Jewellery Co.,Ltd.

၃။ ဦးနေလင်းအောင်(Managing Director)
Nilar Yoma Trading Co.,Ltd.

၄။ ဦးစိန်လွင်လေး(Managing Director)
Myint Myat Htut Khaung
International Co.,Ltd.

၅။ ဦးအောင်ဝင်း(Managing Director)
Tun Tauk Sa Gems Co.,Ltd.

၆။ ဦးအောင်မြင့်(Managing Director)
Shwe Aein Chan Thar Co.,Ltd.

၇။ ဦးမြင့်စိန်(Managing Director)
Soe Aung Trading Co.,Ltd.

၈။ ဦးဖုန်းကျော်(Managing Director)
Michelia Co.,Ltd.

၉။ ဦးတင်ငြိမ်း(Managing Director)
Shwe Sin La Min Co.,Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
## အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ်**
**အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန**

## မောင်ချမ်းဇိုဇို
## အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇)သစ္စာမိုးမြေခြံ၊ ဒေလီယာလမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးကျင်မောင် [ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ဝိဝိကြည်တို့၏ သားကြီး၊ မပန်းငုံမောင်၊ မောင်ကိုကိုတိုးတို့၏ အစ်ကိုသည် ၁၃-၅-၂၀၁၃၊ (တနင်္လာနေ့) နံနက် ၇း၀၅နာရီ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈မှ၁၁နာရီအထိ ရန်ကုန်မြို့၊ အမှတ်(၇) သစ္စာမိုးမြေခြံ၊ ဒေလီယာလမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်း(ခ)ဒေါ်သောင်းကြည်
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ (လမ်းတို)အမှတ်(၁၀၄)၊ ငါးလွှာ၊ (ဘယ်)နေ(ဦးမောင်ကွန့်-ဒေါ်တင်ညွှန့်)တို့၏သမီး၊ ဗိုလ်မှူးကြီးငွေးတင့်(ငြိမ်း)-ဒေါ်ခင်အေးမြင့်တို့၏ ညီမ၊ ဒေါက်တာမျိုးမင်း-ဒေါ်လှလှငွေးတို့၏ အစ်မ၊ ဦးသန်းစိုးဦး(ပါရမီ-TAXI)-ဒေါ်ခင်စန်းမြင့်(က. စ. စ(၂၄)ဒဂုံတောင်)၊ ဦးကျော်ကျော်ဝင်း(က. စ. စ. (၁၃၊မကွေး)-ဒေါ်မိမိလေး(က. စ. စ-၁၃၊မကွေး)၊ (မနေခြည်နွေး)တို့၏မိခင်၊ မောင်သော်ဇင်ဦး၊ မောင်ရဲသီဟ၊ မခိုင်ခိုင်ဝါတို့၏ အဘွား ဒေါ်သောင်း(ခ) ဒေါ်သောင်းကြည်သည်၁၃-၅-၂၀၁၃ (တနင်္လာနေ့) တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ဆေးရုံကြီးမှ ကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးနွယ်(မြိတ်)
## အသက်(၆၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ နောက်လယ်ရပ်၊ (၇)လမ်း၊ အမှတ် (၃၇၂) နေ (ဦးကြီးမောင်-ဒေါ်ခင်ရီ)တို့၏ သားကြီး၊ ဒေါ်ထွန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ကိုသူရစိုး၊ ကိုစည်သူစိုး (RPMM)- မခင်စုစုလှိုင်၊ ကိုနေလွင်စိုး-မချိုဝါဝါထွန်း(ခေတ္တ-ဂျပန်)၊ကိုရဲမင်းစိုး-မဝင်းဝင်းခိုင်၊ မဝေဖြိုးနွယ်၊ မောင်ဖြိုးဇော်ထွန်း-မသီဂီနွယ်၊ မသဇင်နွယ်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြတ်ဟိန်း၊ မပြည့်ပြည့်ဟန်တို့၏အဘိုးသည် ၁၃-၅-၂၀၁၃ရက် နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)
OTS-(47)
## (ဥက္ကဋ္ဌ၊ သန်မြန်သူမော်တော်ယာဉ်လိုင်း)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ် (၂၆)နေ (ဦးမောင်သိုက်-ဒေါ်အေးခို) တို့၏ သားကြီး၊ (ဦးမြတ်ကျော်)-ဒေါ်တင်ရွှေတို့၏ သားသမက်၊ (ဒုတပ်ကြပ်မြင့်အောင်)-ဒေါ်အေးစန်း၊ ဦးဇော်မင်း-ဒေါ်ခင်မမတို့၏ အစ်ကိုကြီး၊ ကိုအောင်ဇေယျ (Myanmar Golden Int)-မခိုင်သဉ္ဇာသိန်း၊ ကိုအေးမင်းသိန်း (Integral International) - ဒေါက်တာနှင်းယုဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အေးအေးမာ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်မွှေး (၉၄)နှစ်
## (ကျုံမငေး)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီး ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် (၄၇/က)၊ ပထမထပ်နေ (ဦးစူးဝါး-ဒေါ်မန္တရား)တို့၏ သမီး၊ (ဦးစိန်နှစ်)၏ ဇနီး၊ ဦးမြင့်ဝေ-ဒေါ်ခင်လေးကြူ၊ (ဦးအုန်းမြင့်)-ဒေါ်ခင်လှဝေ၊ ဦးမြင့်ကြည်-ဒေါ်မြင့်မြင့်ရီ၊ ဦးဝမ်တိတ်-ဒေါ်ခင်စန်းဝေ၊ ဦးမြင့်ခိုင် - ဒေါ်သန္တာမျိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၃း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကျောင်းဒါယကာ
## ဦးတင့်(မြင်းခြံ)
## အသက်(၉၃)နှစ်

မြင်းခြံမြို့နေ(ဦးကျော်ခိုင်-ဒေါ်ကြင်ကြည်)တို့၏သား၊ အမှတ်(၂၉)မြေညီ(ညာ)၊(၇)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကြွေ၏ ခင်ပွန်း၊ ဦးအောင်ကျော်ထွန်း-ဒေါ်အေးအေးမူ၊ ဒေါ်သင်းသင်းနွယ်-ဦးမြင့်အောင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးသောင်းထိန်၊ ဦးအောင်ကြိုင်-ဒေါ်တိုးတိုးခေါင်တို့၏ဖခင်၊ မစောမြနွယ်၊ မဝင်းဝင်းပြုံး၊ မောင်ထွဋ်အောင်ရည်၊ မောင်လွင်ဖြိုး၊ မောင်ကောင်းစည်သူ၊ မောင်အောင်မြတ်ခေါင်တို့၏အဘိုးသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃း၀၆ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ရန်ဟု(ခ)ဒေါ်ကောက်ပို့
## (ဘီတွတ်)
## အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဦးဘချိုလမ်းနေ ဦးကြူလိုင်း-ဒေါ်ကျင်ဝိုင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း(အနောက်) အမှတ်(၃၅)၊ (၁/ခ)နေ (ဦးကျင်)၏ဇနီး၊ ဦးလှမြင့်-ဒေါ်ဖြူ၊ ဦးတင်လှ-ဒေါ်ယဉ်မေ၊ ဦးကျော်ကြီး-ဒေါ်ရှုခင်၊ ဦးအေးလွင်-ဒေါ်ရှုတင်၊ ဦးမြင့်ဝေ-ဒေါ်စုမွန်၊ ဦးလှိုင်မင်း-မမျိုးမျိုးခိုင်၊ ဦးဝင်းနိုင်ဦး-ဒေါ်ရှုဝက်၊ ဦးတင်ထွေး-ဒေါ်အိအိကြူတို့၏ကျေးဇူးရှင်မွေးမိခင်၊ မြေး ၂၃ ယောက်တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့ဘွားဘွားကြီးသည် ၁၃-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၅း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်(နတ်တလင်း)
## အသက်(၈၇)နှစ်
## (ပညာအလင်းပြပုံနှိပ်တိုက်-နတ်တလင်း)

[ဦးဖြိုး-ဒေါ်မြရင်(ပညာအလင်းပြ)] တို့၏ သမီးကြီး၊ (ဦးမောင်မောင်ကြီး-ဒေါ်ခင်ဦး)တို့၏ ညီမ၊ ရန်ကုန်မြို့နေ ဦးမောင်မောင်သောင်း(ပညာအလင်းပြပုံနှိပ်တိုက်)-ဒေါ်ဝင်းကြည်၊ ဦးခင်မောင်အေး(ပညာအလင်းပြစာအုပ်တိုက်)တို့၏ အစ်မ၊ (ဆရာဦးကိုကို)၏ ဇနီး၊ (ဦးမြင့်ဝေ)-ဒေါ်ဖြူဖြူဝင်း၊ ဦးအေးဝင်း(လ/ထ ထွေဂျာ-ငြိမ်း၊ သစ်ထုတ်ရေး)-ဒေါ်တင်တင်ဝေ၊ (ဦးကိုကိုညွှန့်)-ဒေါ်ခင်သန်းဝင်း၊ (ဦးခင်ဇော်)-ဒေါ်ဖြူဖြူခင်၊ (ဦးချို အောင်မင်း) - ဒေါ်ဆွေဆွေအောင်၊ ဦးတင်ထွန်း-ဒေါ်နှင်းနှင်း၊ ဦးမင်းသူရ-ဒေါ်ထွေးထွေးမြတ်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၀ယောက်တို့၏ အဘွား၊ မြစ် ၁၂ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ခင်သည် ၁၃-၅-၂၀၁၃ ရက် နံနက် ၇း၄၀ နာရီတွင် အမှတ်(၁၀၇၅)၊ ပိတောက်မြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ ရက် ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးကျော်(ရဲကျော်သူ)
## အသက်(၈၅)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ရန်ကုန်မြို့၊ အမှတ်-P(22)၊ယမုံနာရိပ်မွန်အိမ်ရာ၊ဒေါပုံမြို့နယ်နေ(ဦးအောင်သိန်း-ဒေါ်ထူးမေ)တို့၏ သား၊ (ဦးရွှေ-ဒေါ်စိမ်းခင်)တို့၏သားသမက်၊ ဒေါ်အေးသန်း၏ ခင်ပွန်း၊ ဦးတင်ထွန်း-ဒေါ်ခင်မြင့်ကျော်၊ (ဦးမြင့်အောင်ကျော်)-ဒေါ်စန်းစန်းတင့်၊ ဦးခင်မောင်ကျော် - ဒေါ်ခင်ခင်သန်း၊ ဦးဆန်းဝင်း-ဒေါ်သင်းသင်းအေးတို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၁၃ ရက် ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လုံးတင် (၇၁)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဈ/၃၄)၊ (၁၀)ရပ်ကွက်၊ အမှတ်(၇၆၀-ခ)၊ ရွှေဂွန်းလမ်းနေ ဦးစိန်ဘိုး၏ ဇနီး၊ ကိုမြတ်စိုး(List Star)၊ ကိုမောင်မောင် (List Star) - မနီလာဝင်း၊ ကိုအောင်ကျော်စိုး-မညွန့်ညွန့်ကြည်၊ ကိုထွန်းထွန်း-မလှလှငွေးတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၁၃ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)(ကွယ်လွန်သူအား ရည်စူး၍ ၁၉-၅-၂၀၁၃ ရက် နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဟိန်းထက်ဝေယံ
## အသက်(၅)လ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၀၅-က)၊ ပုဂံ(၂၈)လမ်း၊ (၅) ရပ်ကွက်နေ ဦးသိန်းဝင်း-ဒေါ်သင်းသင်းမာ၊ ဦးညွန့်တင်-ဒေါ်ညွန့်ညွန့်(ခ) ဒေါ်ဗေဒါ တို့၏ မြေး၊ ဦးဝင်းမျိုးထွန်း-ဒေါ်နွယ်နီဝင်း၊ဦးနေမင်းထိုက်-ဒေါ်သန္တာစိုး၊ ကိုငြိမ်းချမ်းဇော်၊ မဆုလဲ့သော်တို့၏ တူ၊ ဦးတင်ထွန်းဇော်-ဒေါ်မြတ်ပန်းအိ (ခ)ဖြူဖြူတို့၏ ချစ်လှစွာသောသား၊ မောင်လင်းထက်အာကာ၏ ညီငယ်လေးသည် ၁၂-၅-၂၀၁၃ရက် ညနေ ၆ နာရီတွင် ရန်ကုန်ကလေး ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းကြည်
## အသက် (၇၈)နှစ်
### လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကွေ့မသိမ်ချောင်းနေ (ဦးဖိုးပေါက်-ဒေါ်အေးညွန့်) တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်း(၁)၊ ပန်းခြံ(၂)၊ စိန်စိဂုဏ်ရောင်လမ်း၊ အမှတ်(၁၉၈/ခ)နေ ဒေါ်တင်ရီ၏ ခင်ပွန်း၊ ဦးဝင်းတင်-ဒေါ်ဥမ္မာအေး၊ ဒေါ်ခင်ဝင်းရီ၊ ဦးဇော်မင်း(မြန်မာ့မီးရထား)-ဒေါ်မိုးမိုးအောင်၊ ဦးစိုးဝင်း(ကြေးမုံသတင်းစာတိုက်)-ဒေါ်ပြုံးပြုံးဆွေ၊ ဦးမြသန်း(ဆသရ၊ ဟံသာဝတီ အိတ်ချိန်း)-ဒေါ်မြင့်မြင့်ထွေး၊ ဦးနိုင်စိုး-ဒေါ်ရီရီမြင့်(M&GH International Limited)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြစိန် အသက်(၇၀)
## (ကြီးကြပ်ရေးမှူး၊ ဆက်သွယ်ရေး-ငြိမ်း)
## (မော်လမြိုင်)

ရန်ကုန်မြို့၊ အမှတ်(၁၆၀)၊ ပင်လုံလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဦးမောင်ရွှေ-ဒေါ်တင်ညွှန့်)တို့၏ သမီး၊ (ဦးကောင်း-ဒေါ်ငဲ)တို့၏ သမီးချွေးမ၊ [ဦးစိန်မြင့် (ဆက်သွယ်ရေးအင်ဂျင်နီယာ)]၏ ဇနီး၊ ကိုချိုလင်း(E/O)၊ ကိုမျိုးမင်း-မနှင်းဖြူဖြူတို့၏ မိခင်၊ မောင်မိုးသစ်မင်း၏ ချစ်လှစွာသောအဘွား၊ (ဒေါ်ဖွားတင်)၊ (ဦးစိုးတင်)-ဒေါ်အေးသန်း၊ (ဦးစန်းညီ)-ဒေါ်သန်းခင်၊ (ဦးခင်မောင်ကြီး-ဒေါ်သန်းရွှေ)တို့၏ ညီမ၊ ဦးမင်းဇော်(ညွှန်ကြားရေးမှူးချုပ်၊ အမှတ်-၃၊ အခြေခံပညာဦးစီးဌာန)-ဒေါ်အေးအေးမွန်တို့၏ အစ်မ ဒေါ်မြစိန်သည် ၁၃-၅-၂၀၁၃(တနင်္လာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဆရာမဒေါ်သန်းရင်
## အသက်(၉၀)
### အလပြ(ငြိမ်း)
### အထက(၂)ကြည့်မြင်တိုင်
### (ညောင်တုန်းရာသက်ပန်အသင်းဝင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၁၂)နေ (ဦးဘခင်-ဒေါ်အုန်းစိန်)တို့၏ သမီးကြီး၊ (ဆရာဦးဘခင်)၏ဇနီး၊သာကေတမြို့နယ်နေ ဦးရဲမောင်(သင်္ချာ) - ဒေါ်ရင်မေ၊ ပြည်ထောင်စုရိပ်မွန်နေ (ဒုတိယဗိုလ်မှူးကြီး သန်းထွန်း) - ဒေါ်ဆွေဆွေမြင့်၊ ဦးသန်းလွင်(C/E M.T Borneo Pioneer, Raffles Co., Ltd.)-ဒေါ်တင်တင်အေး(အထက-၂၊ စမ်းချောင်း-ငြိမ်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေး၊ မြစ်တို့၏ အဘွားသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၃(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၁၂) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းကြွယ်(ကျိုက်လတ်)
### ငွေစာရင်းအရာရှိ(ငြိမ်း)
### ရန်ကုန်စည်ပင်ဘတ်ဂျက်နှင့်ငွေစာရင်း
## အသက်(၉၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စည်ပင်အားကစားဝင်း၊ လိုင်း(၇)၊အခန်း(၇)နေ (ဦးဘတင်-ဒေါ်စောအုံ) တို့၏သား၊ (ဒေါ်သန်းရီ) (ငွေစာရင်းအရာရှိ၊ငြိမ်း၊ ရန်ကုန်စည်ပင်၊ ဘတ်ဂျက်နှင့်ငွေစာရင်း)၏ ခင်ပွန်းသည် ၁၂-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောလှိုင် (၅၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၉(B)၊ အကောက်ခွန်(၂)လမ်း၊ အမှတ်(၅၇)နေ(ဦးဝင်းမောင်)-ဒေါ်လှမြင့်(မမတာ)တို့၏သမီး၊ (ဦးစိန်ညွန့်-ဒေါ်မြသိန်း)၊ (ဦးလှမောင်)-ဒေါ်ငွေရှင်၊ (ဦးလှဘော်)-ဒေါ်ငွေးရီ၊ ဦးအေးကြွယ်-ဒေါ်လှခင်၊ ဦးသန်းဦး-ဒေါ်တိုးမြင့်၊ ဦးခင်မောင်သန်း-ဒေါ်ဝင်းကြည်တို့၏တူမ၊ မောင်ညီမော်(CHATRIUM HOTEL)၏ အဒေါ်သည် ၁၃-၅-၂၀၁၃(တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နော်ခူဖော
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်း၊ အမှတ်(၁၉၀၆)နေ (ဦးစောထွန်းမောင်-ဒေါ်နော်ရုသ)တို့၏သမီး၊ (ဦးဝင်းစန်း-ဒေါ်မေးဒရက်)တို့၏သမီးချွေးမ၊ ဦးစောမဲလ်ဗင်း၏ချစ်လှစွာသောဇနီး၊ ဒေါ်မာစီ-(ဦးစောဖရန်ကို)၊ ဦးစောဆန်နီ-ဒေါ်ဆာကပြူထူးတို့၏ညီမ၊ ဒေါ်နော်မေဖော-ဦးစောဝင်းဂိတ်ဖိုး၏အစ်မ၊ စောအောင်အောင်-နော်ဖောဖောစေး၊ စောကျော်ကျော်(MPA Allied)၊ စောဇော်ဇော် (Seapal)-နော်မေဆုလွင်၊ နော်မူးမူ-ကိုမင်းမင်း(Seapal)၊နော်ခရစ္စတင်း-ကိုဖြိုးဝေလင်း၊ နော်မဲလ်ဗီးနာ၊ စောမိုရှေးတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့)၊ ည၁၁း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၅-၂၀၁၃ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် K.B.C နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော် ၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (K.B.C အသင်းတော်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ထွန်းမြင့်
## (ကျောက်ပန်းတောင်း)
## အသက်(၄၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ ငါ့သရောက်ကျေးရွာနေ (ဦးခင်မောင်)-ဒေါ်လေးကြီးတို့၏ သား၊ (ဦးအောင်သိန်း)-ဒေါ်ဟေးဒါလဲတို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ (၂၀၆) မင်းရဲကျော်စွာ အိမ်ရာ(၃)၊ (ဇ)တောင်ရပ်ကွက်နေ ဒေါ်အေးအေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မကြွယ်စင်လင်းလဲ့ (SDEC Primary II)၏ ချစ်လှစွာသောဖခင်၊ ဦးကျော်ဝင်း-ဒေါ်တင်ဆွေ (ကျောက်ပန်းတောင်း)၊ ဦးသန်းလှိုင် (ကကဝယ်)-ဒေါ်စန်းရီ၊ ဒေါ်ရင်မေ (အထက-၁၊ ကျောက်ပန်းတောင်း)၊ ဦးရွှေထွန်း-ဒေါ်ဆင့်ဆင့် (စသစ-၁၊ ဒညင်းကုန်း)၊ မရီရီချို (Multi Gate Co., Ltd.)၊ မဖြူဖြူလှိုင် (MRT Co., Ltd.)တို့၏ ညီ/မောင်၊ အစ်ကို၊ မသင်းသင်းဦး(Fortune International Co., Ltd.)၊ မဥမ္မာခိုင်(ကကဝယ်)၊ မောင်ကိုကိုကြီး၊ မောင်စိုးရာဇာ၊ မအေးသက်စံတို့၏ ချစ်လှစွာသောဦးလေးသည် ၁၃-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၇း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီ ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အဟု(ခ)ဒေါ်တင်ညွှန့်
## အသက်(၈၄)နှစ်
## (ပဲနွယ်ကုန်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ်(၁၉)၊ ပထမထပ်(ဝဲ)နေ (ဦးစံ-ဒေါ်ခွေးမ)တို့၏ သမီး၊ ဦးမောင်မောင်-ဒေါ်ရှုကြည်(ဂမုန်းပွင့်ကုမ္ပဏီ)တို့၏ အစ်မကြီး၊ ဦးခင်ကြူ၏ ဇနီး၊ ဦးလှမြင့်-ဒေါ်ခင်လေးစီ၊ ဦးမောင်မောင်သီ၊ Dr. မောင်မောင်ကျော်-ဒေါ်ခင်လေးရီ၊ ဦးငွေးမောင်-ဒေါ်ခင်လေးကြူ၊ ဦးမောင်မောင်နိုင်-ဒေါ်ဇမ်ခန့်ကျန့်တို့၏ မွေးသမိခင် ဒေါ်အဟု(ခ)ဒေါ်တင်ညွှန့်သည် ၁၃-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှကျော်[စာရေးဆရာ-မင်းသူဟိန်း(ပညာ)]
(BA.B.Ed. RL)
### မြို့နယ်ပညာရေးမှူး(ငြိမ်း)
### တရားရုံးချုပ်ရှေ့နေ
## အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးလာရား-ဒေါ်ခင်မေ)တို့၏ သား၊ အမှတ်(၃၉၁/၃၉၂)၊ ပုသိမ်ညွန့်(၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်တင်ညွန့်ကျော်(မြသီတာစာပေတိုက်)၏ ခင်ပွန်း၊ ဒေါ်မြသီတာကျော်(OSAKA)၊ (ဦးထူးထူးလှိုင်)-ဒေါက်တာခင်ဥမ္မာကျော်[သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး(ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့)]၊ ဦးသူရလှကျော်-ဒေါ်သီတာထွန်း(ခေတ္တ-Tokyo)၊ (ဦးဝဏ္ဏလှကျော်)-ဒေါ်လှမြင့်သူတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဇေယျာဘိုဘိုထူး(ပ-နှစ်၊ ဆေး-၁)၊ မယွန်းမြတ်မိုးသူ(အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၅-၂၀၁၃ ရက် နံနက် ၇ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဆရာကြီး ဦးကျော်မင်း(နက္ခတ္တဗေဒ) (၇၅)နှစ်

(ဦးမောင်ခင်-ဒေါ်မြတင်)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၆)၊ ပထမထပ်နေ ဒေါ်စန်းမြင့်ကြည်၏ ခင်ပွန်း၊ ဦးတင်မောင်၊ ဦးကျော်သူ၊ ဦးရဲမြင့် တို့၏ ညီ၊ ဒေါ်လှလှထွေး၏ အစ်ကို၊ ကိုကျော်နိုင်ဦး-ဒေါ်စန္ဒာမင်း၊ မခင်မျိုးမင်း၊ ကိုဇော်မင်းမင်း-မယုန္ဒာအောင်တို့၏ မွေးသဖခင်၊ မမေဇွန်ဇာဦး၊ မကျော့မှူးခိုင်၊ မမေမြတ်ဖုန်းဇော်တို့၏ အဘိုး နက္ခတ္တဗေဒ ဆရာကြီး ဦးကျော်မင်းသည် ၁၃-၅-၂၀၁၃(တနင်္လာနေ့)၊ နံနက် ၃း၁၀ နာရီတွင် ရွှေဂုံတိုင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)၊ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရဲထွဋ် (၇၅)နှစ်
## (ဆားလင်းကြီး)

(ဦးဘသန်း-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးမောင်သော်-ဒေါ်မာ)တို့၏ သားသမက်၊ ဦးမြမောင်-ဒေါ်လှကြည်(ပဲခူး)တို့၏ ညီ၊ အမှတ်(၂၈၄)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(ခ)ရပ်ကွက်၊ မြောက်ဒဂုံနေ ဒေါ်သန်းမေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုနောင် (ဌာနခွဲမှူး၊ အခွန်ဌာန၊ မြို့တော်စည်ပင်)-ဒေါ်အေးအေးဆွေ(အမက-၁၉၊ သာကေတ)၊ ဦးအောင်သန်းထွဋ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အောင်ခန့်နောင်(G-9 A ထ-၅၊ ဗိုလ်တထောင်)၊ မောင်ကျော်ဆန်းနောင်(G-6 C ထ-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၃-၅-၂၀၁၃ ရက် နံနက် ၁ နာရီတွင် မြောက်ဒဂုံမြို့နယ် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဒုရဲမှူးငွေသိမ်း(ငြိမ်း)
## (တောင်သာ)
## လ-၅၇၀၆၇
## အသက်(၆၆)နှစ်

သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ ကျောင်းလမ်း၊ အမှတ် (၂၃၅)နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏ သား၊ (ဦးမယ်ဇယ်)-ဒေါ်သန်းခင်တို့၏ သားသမက်၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်နွဲ့နွဲ့စန်းတို့၏ခင်ပွန်း၊ ကိုအောင်ကျော်စွာ-မစိုးစိုးအေး၊ ကိုရဲကျော်စွာ-မငွေးငွေးစန်း၊ ကိုမြင့်သိန်းထွန်း-မမေသူကျော်စွာ၊ ကိုလွင်ကျော်စွာ -မမျိုးကေခိုင်၊ မအေးသူဇာသိမ်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သန်လျင်မြို့ နေအိမ်မှ ကားများ နံနက် ၁၀ နာရီနှင့် ရန်ကုန်မြို့၊ ဒဂုံ မြို့နယ်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်ပညာရေးမှူးရုံးရှေ့မှ ကားများ နံနက် ၁၀း၃၀ နာရီတို့ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒုရဲမှူးငွေသိမ်း(ငြိမ်း)
## (တောင်သာ)
## လ-၅၇၀၆၇
## အသက်(၆၆)နှစ်

သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ ကျောင်းလမ်း၊ အမှတ် (၂၃၅)နေ (ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏ သား၊ ဦးအေးကို-ဒေါ်ခင်စန်းရီ၊ ဒေါက်တာရွှေအိုး၊ (ဒေါ်ကြည်သန်း)တို့၏ညီ၊ ဒေါ်မြမြဝင်း၏မောင်၊ ဦးတိုင်းဝေ-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြမြနှင်း၊ ဦးဇော်ဝင်းမြင့်-ဒေါ်ဝင်းဝင်း၊ ဒေါ်မြမြသင်း၊ ဦးသိန်းထွန်းအောင်-ဒေါ်ခင်မျိုးလွင်တို့၏ အစ်ကို၊ ဒေါ်နွဲ့နွဲ့စန်း ၏ချစ်လှစွာသောခင်ပွန်း ဦးငွေသိမ်းသည် ၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သန်လျင်မြို့နေအိမ်မှ ကားများ နံနက် ၁၀နာရီနှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်ပညာရေးမှူးရုံးရှေ့မှကားများ နံနက် ၁၀း၃၀ နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**



# မြန်မာနိုင်ငံ မန္တလေးနှင့် အိန္ဒိယနိုင်ငံ အင်ဖား(ရ်) ကားလိုင်းပြေးဆွဲတော့မည်

သျှင်နေမင်း

ကလေး မေ ၁၃

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အသိအမှတ်ပြုခံရကာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်စည်စီးဆင်းမှုများ လွယ်ကူစေရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိစေရေး၊ ဒေသတွင်းပြည်သူများ ကူးလူးဆက်ဆံမှု လွယ်ကူစေရေးတို့အတွက် ၁၉၉၇ ခုနှစ်မှ စတင်ကာ အာဆီယံလမ်းမကြီးများ၊ အာရှပတ်လမ်းမကြီးများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံမဟာမိတ်လမ်းများကို ဖောက်လုပ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသောကြောင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် စာမျက်နှာ ၉ ကော်လံ ၂ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သတင်းထုတ်ပြန်ရေးအဖွဲ့
## သတင်းထုတ်ပြန်ချက် (၈/၂၀၁၃)
## ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
## ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၃ ခုနှစ် မေလ ၁၃ ရက်နေ့ မြန်မာစံတော်ချိန် ၁၃း၃၀ နာရီအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမဟာစင် (MAHASEN)သည် မြန်မာနိုင်ငံ ကိုကိုးကျွန်း၏အနောက်ဘက် မိုင် ၄၁၀ ခန့်၊ ပုသိမ်မြို့၏အနောက်တောင်ဘက် မိုင် ၅၄၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၉၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက် မိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၆၀ အထိ ရှိနိုင်ပါသည်။

၂။ အဆိုပါမုန်တိုင်း တိုက်ခတ်ချိန်တွင် ရခိုင်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသတစ်လျှောက်တို့တွင် မုန်တိုင်းဒီရေလှိုင်းဒဏ်များ လွှမ်းမိုးမှုများကြုံတွေ့ရနိုင်ပါသည်။ ထိုသို့ကြုံတွေ့ရနိုင်ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ဂရုပြုဆောင်ရွက်ရမည့် အချက်များကိုလည်း ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်ပြန်သတိပေးပြန်ကြားလျက်ရှိပါသည်။

၃။ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်နှင့် ဒီရေတက်လာနိုင်သည့်နေရာများ၊ ကမ်းခြေတစ်လျှောက် တဲများ၊ ယာယီတဲများဖြင့် နေထိုင်နေသူများအား ၂၀၁၃ ခုနှစ် မေလ ၁၄/၁၅ ရက်အပြီး လုံခြုံစိတ်ချရသည့် နေရာများသို့ အမြန်ဆုံးရွှေ့ပြောင်းထားရန် ညွှန်ကြားထားပြီး ဖြစ်သည်။

၄။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သည့် စီမံကွပ်ကဲမည့်အဖွဲ့အား ၂၀၁၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင်စ၍ ရခိုင်ပြည်နယ် အမ်းမြို့တွင် အခြေပြုကာ အနီးကပ်ကွပ်ကဲသွားရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၅။ တပ်မတော်အနေဖြင့် မုန်တိုင်းဒဏ်ကျရောက်နိုင်သော ပင်လယ်ကမ်းရိုးတန်းဒေသရှိ တိုင်းစစ်ဌာနချုပ်များတွင် လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ မော်တော်ယာဉ်များအား လိုအပ်ပါက ချက်ချင်းအကူအညီပေးနိုင်ရေး အသင့်ပြင်ဆင်ထားပြီး ဆေးကုသရေးအဖွဲ့များနှင့် အခြားအထောက်အကူပြုနိုင်မည့်အဖွဲ့များကိုလည်း ဖွဲ့စည်း၍ ကြိုတင်အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# The Players Championship ပြိုင်ပွဲ တိုက်ဂါးဝုဒ် ဗိုလ်စွဲ

နိုင်လင်းကြည်

အမေရိကန်ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ဖလော်ရီဒါပြည်နယ် ပွန်တီဗီဒရာကမ်းခြေ၌ မေ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာယှဉ်ပြိုင်ကစားခဲ့သော ၂၀၁၃ ခုနှစ် The Players Champion ship ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာအား နောက်ဆုံးနှစ်ကျင်းတွင် အချက်ပေါင်း ၇၀ တွင် နှစ်ချက်လျော့ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ကမ္ဘာ့နံပါတ်တစ်တိုက်ဂါးဝုဒ်သည် ဂေါက်သီးရိုက်ကစားသမားဘဝတွင် PGA Tour ၇၇ ကြိမ်၊ European Tour ၃၉ ကြိမ်၊ Japan Golf Tour နှစ်ကြိမ်၊ Asian Tour တစ်ကြိမ်၊ PGA Tour of Australia တစ်ကြိမ်နှင့် အခြားသော အောင်မြင်မှုများကိုလည်း ရယူနိုင်ခဲ့ပြီး လက်ရှိ ၂၀၁၃ ခုနှစ် The Players Championship ပြိုင်ပွဲတွင်လည်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ဂါစီယာသည် နောက်ဆုံးနှစ်ကျင်းတွင် ပထမဆုအတွက် ၁၃ ချက်ရိုက်ယူခဲ့သော်လည်း တိုက်ဂါးဝုဒ်ကမူ နောက်ဆုံးနှစ်ကျင်းတွင် အချက်ပေါင်း ၇၀ တွင် နှစ်ချက်လျော့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ၂၀၁၃ ခုနှစ်၏ The Players Championship ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ခြင်းမှာ ၂၀၀၁ ခုနှစ်မှ စတင်ကာ ပထမဆုံးဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ၎င်း၏ PGA Tour ပြိုင်ပွဲတစ်လျှောက်တွင် ၇၈ ကြိမ်မြောက် အောင်မြင်မှု



လည်းဖြစ်ခဲ့ရသည်။ ယခုပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်သည် ၂၇၅ ချက်တွင် ၁၃ ချက်လျော့ဖြင့် အဆုံးသတ်ခဲ့ပြီး ဗိုလ်စွဲခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁ သန်း တန်ဖိုးရှိ ပထမဆုကို ရရှိခဲ့သည်။

ထို့ကြောင့် တိုက်ဂါးဝုဒ်သည် ၂၀၁၃ ခုနှစ်၏ The Players Championship ပြိုင်ပွဲတွင် ပထမ ရယူနိုင်ခဲ့ခြင်းသည် ၎င်းအတွက် ၂၀၁၃ ခုနှစ်၏ လေးကြိမ်မြောက် အောင်မြင်မှုလည်းဖြစ်ခဲ့ရသည်။

# နယူးအော်လန်းမြို့ အမေများနေ့အခမ်းအနားတွင် ပစ်ခတ်မှုဖြစ်ပွား၊ ၁၉ ဦးဒဏ်ရာရ

အောင်မိုး

နယူးအော်လန်း မေ ၁၃

အမေရိကန်နိုင်ငံ လူဝီစီးနီးယားပြည်နယ် နယူးအော်လန်းမြို့၌ မေ ၁၂ရက်က အမေများနေ့အခမ်းအနား ကျင်းပနေစဉ် ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၉ ဦးဒဏ်ရာရရှိသွားပြီး သံသယရှိသူ တရားခံသုံးဦးကို ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိသည်။

အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ (၁၀)နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့်ယောကျ်ားလေးတစ်ဦးတို့သည် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က North Villere လမ်းတစ်လျှောက် ချီတက်လာစဉ် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂါရီဖလော့တ်က ပြောကြားသည်။

၎င်းတို့အနက် နှစ်ဦးမှာ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပြီး ကလေးနှစ်ဦးမှာ ပွန်းရှဒဏ်ရာလောက်သာရရှိသဖြင့် အခြေအနေကောင်းမွန်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများမှာ အမေများနေ့အခမ်းအနားတွင် ပါဝင် ချီတက်လမ်းလျှောက်ကြသူများလား၊ ဘေးမှရပ်ကြည့်နေသူများလား ဆိုသည်ကို အတိအကျမသိရသေးကြောင်း ဂါရီဖလော့တ်က ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့




ယနေ့ မာတိကာ

စီးပွားရေး ဒုတိယမဏ္ဍိုင် စာမျက်နှာ ၂

Jurassic Park 4 ဇာတ်ကား ထွက်ရှိမည့်ရက်စွဲ အနည်းငယ်ကြန့်ကြာနိုင် စာမျက်နှာ ၁၂

မုန်တိုင်းအန္တရာယ် လိုက်နာရမည့်အချက်များ စာမျက်နှာ ၁၀

ငါးကြိမ်မြောက် တင်းနစ်ချန်ပီယံဆု ရာဖေးလ်နာဒယ် ဆွတ်ဆွတ် စာမျက်နှာ ၁၃


**ကြော်ငြာ စာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ်ကြေးမုံ သတင်းစာတွင် ကြော်ငြာ လေးမျက်နှာ အပိုပါရှိပါသည်။


